Gender and Development Institute



# ချင်းပြည်နယ်ရှိ
## ဒေသန္တရစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ



# Opportunities and Challenges for Local Business Development in Chin State





Gender and Development Institute

## GDI နောက်ခံအကြောင်း

အေးချမ်းမြန်မာအင်စတီကျူ့ (Gender and Development Institute - Myanmar) ကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသည့် ငွေကြေးအကျိုးအမြတ်အတွက် မရည်ရွယ်သော လွတ်လပ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်း ဖြစ်သည်။ အေးချမ်းမြန်မာအင်စတီကျူ့ သည် မြန်မာနိုင်ငံတွင် ကျား မ အခွင့်အရေးတန်းတူညီမျှမှု၊ ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်နှင့် တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးတိုးတက်ဖြစ်ထွန်းရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အားကောင်းလာစေရေး စသည်တို့ အတွက် အခြားရည်ရွယ်ချက်တူ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း များနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

# ချင်းပြည်နယ်ရှိ
# ဒေသန္တရစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုအတွက်
# စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ

Gender and Development Institute

ချင်းပြည်နယ်ရှိ ဒေသန္တရစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုအတွက်
စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ လေ့လာမှု အစီရင်ခံစာ

မူပိုင် © အေးချမ်းမြန်မာအင်စတီကျူ့

ချင်းပြည်နယ်အတွင်း ကောင်းမွန်သောဒေသစီးပွားရေးစီမံခန့်ခွဲမှုစနစ် (Good Local Economic Governance) တစ်ရပ် ဖြစ်ထွန်းရရှိ နိုင်ရန်ရည်ရွယ်၍ ပြုစုသည့် အစီရင်ခံစာဖြစ်သည်။ ရောင်းချရန် သို့မဟုတ် စီးပွားအဖြစ် အသုံးပြုရန်မဟုတ်ပါ။

ပြန်လည်ထုတ်ဝေခြင်းများ ပြုလုပ်လိုပါက -
အေးချမ်းမြန်မာအင်စတီကျူ့ (Gender and Development Institute-Myanmar)
အမှတ် ၄၃၊ တတိယထပ်၊ အင်းစိန်လမ်းမကြီး၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ ၁၁၀၅၁-
ဖုန်း - +၉၅ ၀၁၅၀၁၇၀၈
ဖက်(စ်) - +၉၅ ၉၇၃၂၂၇၁၂၉
Email: gdi.headoffice@gmail.com သို့ဆက်သွယ်ခွင့်ပြုချက်တောင်းခံစေလိုပါသည်။

အစီရင်ခံစာ ရေးသားပြုစုတည်းဖြတ်သူများ -  အေးချမ်းမြန်မာအင်စတီကျူ့ နည်းပညာအဖွဲ့

မျက်နှာဖုံးဒီဇိုင်း - အေးချမ်းမြန်မာအင်စတီကျူ့ နည်းပညာအဖွဲ့
အုပ်ရေ - ၇၀၀
အောက်တိုဘာလ ၂၀၁၈
ကွန်ပျူတာ ပုံနှိပ်ခြင်း - Foresight Media & Advertising

# ကျေးဇူးတင်လွှာ

ဤသုတေသနအစီရင်ခံစာရေးသားပြုစုနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများ အထူးသဖြင့် ချင်းပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ စီးပွားရေးရာ ဆောင်ရွက်ချက်များကို စိတ်ရှည်လက်ရှည်ဖြေကြားပေးသည့်သာမက ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခွင့် စီစဉ်ဆောင်ရွက်ပေးသည့် ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ မေးခွန်းများကို စိတ်ပါလက်ပါဖြေဆိုပေးခဲ့ကြသည့် ချင်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ချင်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဝင်းဦးနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးရာလ်ကျုံး၊ ချင်းပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်၊ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၊ ချင်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအောင်ဖြိုး၊ ချင်းပြည်နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုန်းကီး၊ ချင်းပြည်နယ် အသေးစားစက်မှုလက်မှုဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုး၊ ချင်းပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကပ်ခင်းပေါင်၊ ပလက်ဝ၊ ကန်ပက်လက်နှင့် ဟားခါး မြို့များမှ ဒေသခံလုပ်ငန်းရှင်များနှင့် လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် အရပ်ဘက် အဖွဲ့အစည်းများမှ လုပ်ဖော်ဆောင်ဘက်များ၊ ခေါင်းဆောင်များအားလုံးကိုသော်လည်းကောင်း၊ ပလက်ဝနှင့် ကန်ပက်လက်မြို့များတွင် လိုအပ်သည်များကို ဝိုင်းဝန်းကူညီပံ့ပိုးပေးသောမြို့နယ် အုပ်ချုပ်ရေးမှူးများကိုသော်လည်းကောင်း၊ အထူးအလေးအနက် ကျေးဇူးဥပကာရတင်ရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

ထို့ပြင် ယခုဆောင်ရွက်သည့်လေ့လာမှုအတွက် ရန်ပုံငွေ ပိုင်းဂန်းကူညီလှူဒါန်းပေးသော American Friends Service Committee (AFSC) ကိုသော်လည်းကောင်း၊ အချက်အလက်ကောက်ခံမှုပြု လုပ်စဉ်ကာလတစ်လျှောက် မငြီးမငြူပိုင်းဂန်းလက်တွဲ လုပ်ဆောင်ပေးခဲ့ကြသည့် သုတေသနအဖွဲ့ ဂင်များအားလုံးကိုသော်လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ချင်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ရည်မှန်းချက်များ အမှတ်စဉ်(၁၃) တွင် ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်ဟူ၍ ဖော်ပြထားသည်။ ဤအစီရင်ခံစာသည် ချင်းပြည်နယ်၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု အခွင့်အလမ်းနှင့် အလားအလာကို ဆန်းစစ် လေ့လာရာတွင် အထက်ပါရည်မှန်းချက်၌ တစ်စိတ်တပိုင်းအဖြစ် ပါဂင်အားဖြည့်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ပြီးပြည့်စုံသည့် အစီရင်ခံစာတစ်ခုဟု မဆိုနိုင်သော်လည်း ချင်းပြည်နယ်၏ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဂင်ကူညီလိုသူများ မဖြစ်မနေ သိရှိထားရမည့် အကြောင်းချင်းရာများကိုမူ တစွမ်းတစခြုံငုံဖော်ပြနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

လဖိုင်ဂျာရာ
အမှုဆောင်ဒါရိုက်တာ

## အတိုကောက် စကားလုံးများ

| | |
|---|---|
| CSBI | Chin State Business Institute<br>ချင်းပြည်နယ် စီးပွားရေး သင်တန်းကျောင်း |
| CSCCI | Chin State Chamber of Commerce and Industries<br>ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း |
| CSR | Corporate Social Responsibility<br>စီးပွားရေးလုပ်ငန်းရှင်များ၏ လူမှုရေးတာဝန် |
| GDP | Gross Domestic Products<br>ပြည်တွင်း ထုတ်ကုန်တန်ဖိုး |
| KMMTTP | Kaladan Multi-Modal Transit Transport Project<br>ကုလားတန်မြစ်ကြောင်း ဘက်စုံပို့ဆောင်ရေးစီမံကိန်း |
| LNG | Liquefied Natural Gas<br>သဘာဝဓါတ်ငွေ့ရည် |
| SMEs | Small and Medium Enterprises<br>အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ |



ဟားခါးမြို့ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင် (GDI)

## ၁။ နောက်ခံအကြောင်းအရာ

ကောင်းမွန်သောဒေသစီးပွားရေးစီမံခန့်ခွဲမှုစနစ် (Good Local Economic Governance) တစ်ရပ် ဖြစ်ထွန်းရရှိမှသာ မြန်မာနိုင်ငံကဲ့သို့ ဆင်းရဲနွမ်းပါးပြီး၊ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာအောင် တည်ဆောက်နေသော တိုင်းပြည်များ၏ အပြောင်းအလဲကာလတွင် အခြေခံကျသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး တည်ငြိမ်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဒေသစီးပွားရေး စီမံခန့်ခွဲမှုစနစ်သည် လက်ရှိ မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ အောက်ခြေသို့ လုပ်ပိုင်ခွင့် ပိုမိုပေးအပ်နိုင်မည့်အစီအမံများနှင့် ဘက်မျှပြီးတည်ငြိမ်မှုရှိသော ဖွံ့ဖြိုးမှုဖြစ်လာရေးတို့အတွက် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။ [1] အထူးသဖြင့် ချင်းပြည်နယ်ကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှုအလွန်အမင်း နောက်ကျကျန်နေသည့် ပြည်နယ်မျိုးတွင် ကောင်းမွန်သော ဒေသစီးပွားရေးစီမံခန့်ခွဲမှုစနစ် ဖြစ်ထွန်းရရှိလာအောင် မဖြစ်မနေတည်ဆောက်ရမည်ဖြစ်သည်။

ချင်းပြည်နယ်သည် အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် အနောက်တောင်ဘက်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ရခိုင်ပြည်နယ်တို့ ဝန်းရံထားပြီး၊ ပထဝီအနေအထားအရ ကုန်းတွင်းပိတ်ပြည်နယ်တစ်ခုဖြစ်သည်။ ၂၀၁၄ခုနှစ် ကောက်ခံသော သန်းခေါင်စာရင်းအရ ချင်းပြည်နယ်၏ လူဦးရေမှာ ၄၇၈၈၀၁ ဖြစ်ပြီး၊ [2] ကျား-မ အချိုးမှာ ၉၂.၁ ရာခိုင်နှုန်းဖြစ်သည်။ [3] မြို့ပြနှင့် ကျေးလက်နေထိုင်သူအချိုးမှာ ၂၀.၈ ရာခိုင်နှုန်းဖြစ်သည်။ [4] အစိုးရအုပ်ချုပ်ရေးယန္တရားအရ မြို့နယ်၉မြို့နယ်ဖြင့် ဖွဲ့စည်းထားသော်လည်း မျိုးနွယ်စုအလိုက် နယ်မြေပိုင်းခြားသတ်မှတ်မှုရှိကာ၊ မိမိတို့နယ်မြေအတွင်း မျိုးနွယ်စု ထုံးတမ်းဓလေ့များဖြင့် စီမံခန့်ခွဲမှုရှိနေသော တစ်ခုတည်းသောပြည်နယ်ဖြစ်သည်။

---

[1] Jared Bissinger, “Local Economic Governance in Myanmar,” The Asia Foundation, Febuary, 2016, accessed April 30, 2018. https://asiafoundation.org/publication/local-economic-governance-in-myanmar/

[2] ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစာရင်းအရ ၂၀၁၇ ခုနှစ်တွင် လူဦးရေ ၅.၁ သိန်းခန့်ရှိသည်။

[3] ကျား ဦးရေ ၁၀၀ လျှင် မ အရေအတွက် ၉၂.၁ ဦး။ (ပြည်ထောင်စုမှာ ၉၃ ရာခိုင်နှုန်းဖြစ်သည်)

[4] လူဦးရေ ၁၀၀ တွင် မြို့ပြတွင် နေထိုင်သူဦးရေဖြစ်သည်။ (ပြည်ထောင်စုမှာ ၂၉.၆ ရာခိုင်နှုန်းဖြစ်သည်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အဆင်းရဲဆုံးပြည်နယ်စာရင်းတွင် ပါဝင်ကာ၊ နာတာရှည် ဆင်းရဲနွမ်းပါးမှုနှင့်စားနပ်ရိက္ခာ မဖူလုံမှုများ ကြုံတွေ့နေရပြီး ပညာရေး ဝန်ဆောင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အလွန်အမင်းနိမ့်ကျလျက်ရှိသည်။ [5] လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာ မရရှိခြင်းနှင့် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုမရှိခြင်းတို့မှာ ချင်းပြည်နယ်အတွင်း ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစိန်ခေါ်မှုကြီးများပင်ဖြစ်သည်။ ပြည်နယ်တွင်း စီးပွားရေး အခွင့်အလမ်းနှင့် အလုပ်အကိုင်ရှားပါးမှုကြောင့် ချင်းပြည်နယ်ရှိ လူငယ်များစွာ ပြည်တွင်း တွင်သာမက နိုင်ငံရပ်ခြားသို့ပါ ထွက်ခွာပြီး အလုပ်အကိုင်ရှာဖွေလာကြပြီး၊ ပြည်ပနိုင်ငံ များတွင် ဒုက္ခသည်အဖြစ် ခံယူနေထိုင်မှုနှုန်းအလွန် မြင့်မားသည့် ပြည်နယ်တစ်ခု လည်းဖြစ်သည်။[6]

၂၀၁၆ ခုနှစ် နိုင်ငံတကာ ကျား-မ တန်းတူညီမျှမှု မရှိခြင်းညွှန်ကိန်း (Gender Inequality Index)တွင် မြန်မာနိုင်ငံသည် အဆင့် (၈၀)တွင် ရှိကြောင်းဖော်ပြထားသည်။[7] ကျား-မ တန်းတူညီမျှမှုမရှိခြင်း ညွှန်ကိန်းကို လူသားဖွံ့ဖြိုးမှုဆိုင်ရာ အရေးပါသည့်ကဏ္ဍများ ဖြစ်သော မျိုးဆက်ပွားကျန်းမာရေး (Reproductive Health) ၊ လုပ်ကိုင်လုပ်နိုင်စွမ်း အားဖြည့်ပေးခြင်း (Empowerment) နှင့် စီးပွားရေးအဆင့်အတန်း (Economic Status) စသည့်အချက်သုံးခုကို အခြေခံ၍ တိုင်းတာခြင်းဖြစ်ရာ ချင်းပြည်နယ်သည် ကျား-မ တန်းတူညီမျှမှုမရှိခြင်းနှင့်ပတ်သက်လျှင်မြန်မာနိုင်ငံတွင် အထူးကရုပြု လုပ်ဆောင်ပေးရန် လိုအပ်သည့် ပြည်နယ်များတွင်ပါဝင်နေသည်။[8] လူမှုယဉ်ကျေးမှုစံများအရ ချင်းလူ့အဖွဲ့ အစည်းများတွင် အမျိုးသမီးများသည် ဒုတိယတန်းစားအဆင့်တွင် အထင်အရှား ရပ်တည်နေကြရဆဲဖြစ်သည့်ပြင် အထူးသဖြင့် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ

---

[5] Myanmar Information Management Unit (MIMU), "Aid Policy and Coordination", State/Region page - Chin, accessed May 2, 2018. https://themimu.info/states_regions/chin

[6] UNHCR ၏ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့စာရင်းအရ မလေးရှားတစ်နိုင်ငံတည်းတွင် ဒုက္ခသည်အဖြစ် ရောက်ရှိနေသော ချင်းလူမျိုးအရေအတွက်မှာ ၃၀၅၃၀ ဖြစ်သည်။ accessed May 2, 2018. http://www.unhcr.org/figures-at-a-glance-in-malaysia.html

[7] နိုင်ငံပေါင်း ၁၈၈ နိုင်ငံအနက် အဆင့် ၈၀ ဖြစ်သည်။ ယင်းနှစ်တွင် ဗီယက်နမ်က အဆင့် ၇၁၊ ထိုင်းနိုင်ငံက အဆင့် ၇၉၊ စင်ကာပူက အဆင့် ၁၁ နှင့် ဘင်္ဂလားဒေ့ရှ်က အဆင့် ၁၁၉ ဖြစ်သည်။

[8] Gender and Development Institute-Myanmar; "Gender Situational Analysis of Chin state", an unpublished report, 2017.

လုပ်ကိုင်နိုင်စွမ်းအလွန်နည်းပါးပြီး၊ အမျိုးသမီးများ မြေယာပိုင်ဆိုင်ရန် အခွင့်အလမ်း အလွန်နည်းပါးသည်။[9]

၂၀၁၆ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဦးဆောင်သည့် အစိုးရသစ် တက်လာပြီးနောက် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချဆောင်ရွက်လာခဲ့သည်။ အစိုးရသစ်လက်ထက် နှစ်နှစ်တာကာလအတွင်း ချင်းပြည်နယ်၏ စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ထင်သာမြင်သာရှိသော အလားအလာကောင်းများကို စတင်မိတ်ဆက်ပေးနိုင်သည့် အနေအထားမျိုး ရှိလာကြောင်း ရန်ကုန်နှင့် မန္တလေးအခြေစိုက် စီးပွားရေးအသိုင်းအဝိုင်းက ထင်မြင်ခဲ့ကြသည်။ အထူးသဖြင့် ပြည်နယ်အစိုးရမှ လက်ရှိဆောင်ရွက်နေသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်မည်ဆိုပါက လာမည့်ငါးနှစ်အတွင်း ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ယခုထက်ပိုမို တိုးတက်ကောင်းမွန်လာနိုင်သည်။

သို့ဖြစ်စေကာမူ ချင်းပြည်နယ်၏ ပထဝီအနေအထားအရ စိန်ခေါ်မှုများနှင့်အတူ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဌာန်းချက်များအရဖြစ်စေ၊ ပြည်နယ်အစိုးရ၏ စွမ်းဆောင်ရည်အရဖြစ်စေ လုပ်နိုင်ခွင့်အကန့်အသတ်များလည်း ကြီးမားစွာရှိနေသေးသည်ဖြစ်ရာ ယင်းတို့ကြောင့် ဖြစ်ပေါ်လာရသည့် အခက်အခဲများကိုမူ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့နေရအုံးမည်ဖြစ်သည်။ သို့ဖြစ်လင့်ကစား စနစ်ကျပြီး ကောင်းမွန်စွာ စီမံခန့်ခွဲမှုပြုလုပ်နိုင်လျှင် ချင်းပြည်နယ်၏ဒေသတွင်း စီးပွားရေးလုပ်ငန်းများ စည်ပင်ဖွံ့ဖြိုးပြီး၊ ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးပြည်နယ်အဖြစ်အနေမှ လွတ်မြောက်နိုင်လိမ့်မည်ဟု ဖော်ပြလိုပါသည်။

[9] Ninu Women in Action Group; အိမ်ရှင်ဖြစ်ခွင့် မရှိသည့် ဧည့်သည်များ (ချင်းဓလေ့ထုံးတမ်းများကို အမျိုးသမီးရှုထောင့်မှလေ့လာခြင်း)၊ စက်တင်ဘာလ ၂၀၁၇။

## ၂။ သုတေသနအစီရင်ခံစာ၏ ရည်ရွယ်ချက်နှင့် နည်းလမ်း

### (၂-၁) သုတေသနအစီရင်ခံစာ၏ ရည်ရွယ်ချက်

ဤသုတေသနအစီရင်ခံစာ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်ရှိ အစိုးရသစ်လက်ထက် ချင်းပြည်နယ်ရှိ ဒေသတွင်းစီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ဒေသခံလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းနှင့် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြရန်။

**(ခ)** ကောင်းမွန်သောဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲခြင်း က ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို မည်သို့သက်ရောက်မှုရှိနေ ကြောင်းဆက်စပ်တင်ပြရန်။

**(ဃ)** ချင်းပြည်နယ်ရှိ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာ တွင် အမျိုးသမီးနှင့် အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှုကဏ္ဍများကို ဆက်စပ်တင်ပြရန်။

**(င)** ပြည်နယ်အစိုးရအနေဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာရေးအတွက် စီမံခန့်ခွဲရာတွင် အထူးသဖြင့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်း ပိုမိုအားကောင်းစေရန်အတွက်ဖြစ်စေ၊ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု ပြုလုပ်နိုင်ရန်အတွက်ဖြစ်စေ ဆောင်ရွက်သင့်သော အချက်များကို အကြံပြုတင်ပြရန်။

## (၂-၂) သုတေသနပြုလုပ်ခဲ့သည့်နည်းလမ်းနှင့် မြင်ကွင်း

ဤအစီရင်ခံစာကို အေးချမ်းမြန်မာအင်စတီကျု့ (Gender and Development Institute-Myanmar) နှင့် American Friends Service Committee (AFSC) တို့ပူးပေါင်းဆောင်ရွက်ခဲ့သော သုတေသနလေ့လာမှုကိုအခြေခံ၍ ရေးသားပြုစုထားခြင်း ဖြစ်သည်။ အေးချမ်းမြန်မာအင်စတီကျု့ နှင့် AFSC တို့မှ သုတေသနအဖွဲ့ဝင် (၇) ဦး (ကျား - ၃၊ မ - ၄) က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း (၂) လတာနီးပါး အချိန်ယူကာ အချက်အလက်ကောက်ယူမှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့အနေဖြင့် ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ ပလက်ဝနှင့် ကန်ပက်လက်မြို့များသို့ ကိုယ်တိုင်သွား ရောက်ကာ ချင်းပြည်နယ်အစိုးရ၏ (၂)နှစ်တာကာလအတွင်း စီးပွားရေးရာ ဆောင်ရွက် ချက်များကို ပြည်နယ်အတိုင်းအတာ၊ သက်ဆိုင်ရာမြို့နယ်တွင်း အတိုင်းအတာ ကောင်းမွန်စွာ သိရှိသူ စုစုပေါင်း (၆၁)ဦး (ကျား - ၄၉ ၊ မ - ၁၂) အား တွေ့ဆုံ မေးမြန်းခဲ့ခြင်းဖြစ်သည်။

လူကိုယ်တိုင်တွေ့ဆုံမေးမြန်းခဲ့သူများတွင် ပြည်နယ်ဝန်ကြီး (၂)ဦး၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာ အကြီးအကဲ (၆)ဦးနှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင် (၁၀)ဦး အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းခေါင်းဆောင်များ ပါဝင် ခဲ့သည်။ ထို့ပြင် အထက်ဖော်ပြပါ မြို့များမဟုတ်သော အခြားမြို့များမှ ဖြေဆိုသူများကို တယ်လီဖုန်းမှတစ်ဆင့်သော်လည်းကောင်း၊ မက်ဆင်ဂျာမှတစ်ဆင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းခဲ့သည်။

ဤလေ့လာမှုသည် အရည်အသွေးအခြေပြုလေ့လာမှုဖြစ်ပြီး၊ တွေ့ဆုံရှင်းပြသူတို့၏ နားလည်သဘောပေါက်မှုအပေါ် အခြေခံကာ ပြန်လည်စုစည်း တင်ပြထားခြင်းဖြစ်သည်။ သုတေသနအဖွဲ့အနေဖြင့် လူတွေ့မေးမြန်းခြင်းများ မပြုလုပ်မီတွင် သုတေသန လေ့လာ မှုအတွက် လိုအပ်သောအချက်အလက်များကို စုစည်းခဲ့ပြီး၊ လိုအပ်သည့်ကြိုတင် ဆန်းစစ်မှုများကို ပြုလုပ်ခဲ့သည်။ ဆန်းစစ်လေ့လာခဲ့သော စာရွက်စာတမ်းများတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီးပွားရေးဦးတည်ချက်များ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ဖတ်ရှု လေ့လာခွင့်ရှိသော အစီရင်ခံစာများပါဝင်သည်။

ဤအစီရင်ခံစာသည် အစိုးရသစ်၏ ပထမ(၂)နှစ်တာ တာဝန်ထမ်းဆောင်မှု ကာလအတွင်း စီးပွားရေးရာ စီမံဆောင်ရွက်ချက်များကို အဓိကလေ့လာထားခြင်းဖြစ်ပြီး၊ ယခင်အစိုးရလက်ထက် စီးပွားရေးရာဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ နှိုင်းယှဉ် ထားခြင်းမျိုး မရှိပါ။ ထို့ပြင်လေ့လာမှုကို အချိန်တိုအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်ပြင် မြို့နယ်များအားလုံးသို့ မရောက်ရှိနိုင်ခဲ့သဖြင့် ပြည်နယ်တစ်ခုလုံးရှိ မြို့နယ်အသီးသီးအတွက် အသေးစိတ်ကျသော အခြေအနေများကို ပြုစုတင်ပြနိုင်ခြင်းမရှိပါ။ ထို့အတူဒေသစီးပွားရေးဖွံ့ဖြိုးရေးအတွက် အစိုးရဌာနတစ်ခုချင်းစီ ဆောင်ရွက်သော လုပ်ငန်းများကို အသေးစိတ်မဖော်ပြနိုင်ခဲ့ပါ။ သို့သော် ဤအစီရင်ခံစာတွင် ပြည်နယ်တစ်ခုလုံးနှင့် သက်ဆိုင်၍ မြို့နယ်အားလုံးကို လွှမ်းခြုံနိုင်သောအကြောင်း အရာများကိုသာ အဓိက ခြုံငုံထင်ဟပ် တင်ပြထားပါသည်။




ခေါ်နူးစုမ် အမျိုးသားဥယျာဉ်၊ ကန်ပက်လက်မြို့

# ၃။ ချင်းပြည်နယ်အစိုးရသစ်၏ (၂) နှစ်တာအတွင်းဆောင်ရွက်ချက်များ

၂၀၁၆ခုနှစ် ဧပြီလတွင် ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်ဦးဆောင်သော ချင်းပြည်နယ် အစိုးရသစ် စတင်တာဝန်ထမ်းဆောင်ပြီးနောက်၊ ချင်းပြည်နယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ (၁၂)ရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။ [10] ပြည်နယ်အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်း ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို ဦးတည်ဆောင်ရွက်ရာ၌ အနည်းဆုံး ကဏ္ဍလေးခု ပါဝင်သည် ကိုတွေ့ရသည်။ ယင်းတို့မှာအခြေခံစီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးရေး (Infrastructure Development) ၊ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးရေး (SMEs Development) ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး (Private Sector Development) နှင့် ပြင်ပ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ခြင်း (Attracting Investment) တို့ဖြစ်သည် (ဆလိုင်းအိုက်ဇက်ခင်, ၂၀၁၈) ။

<u>**အခြေခံစီးပွားရေးအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေး**</u> အတွက် ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်ရန်ပုံငွေဖြင့် အဓိကဆောင်ရွက်ခြင်းဖြစ်ပြီး၊ နှစ်စဉ်ပြည်နယ်အစိုးရ၏ ဒေသန္တရ စီမံကိန်းတွင် ဦးစားပေးအလိုက် လျာထားအကောင်အထည်ဖေါ် ဆောင်ရွက်နေခြင်း ဖြစ်သည်။ ပြည်နယ်အစိုးရအနေဖြင့် လက်ရှိငါးနှစ်တာကာလအတွင်း ဦးစားပေး နယ်ပယ်များအဖြစ် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာရေး၊ လျှပ်စစ်ဓာတ် အား လုံလောက်စွာ ပိုမိုရရှိရေး၊ချင်းပြည်နယ်တစ်ခုလုံး ကြိုးမဲ့ဆက်သွယ်ရေး ကွန်ယက် လွှမ်းခြုံနိုင်ရေးနှင့် သောက်သုံးရေဖူလုံရေးတို့ကို ရွေးချယ်ထားသည်။ [11] ယင်းတို့အနက် လမ်းပန်းဆက်သွယ်ရေး လုံခြုံကောင်းမွန်မှုရှိမှသာ လူတို့သွားလာရေး သာမက ကုန်စည် ကူးသန်းပို့ဆောင်ရေးအတွက်ပါ အဆင်ပြေနိုင်မည်ဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကို ပထမဦးစားပေးအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ နှစ်စဉ်ပြည်နယ်အစိုးရ ၏ ငွေလုံးငွေရင်းရန်ပုံငွေ ထက်ဝက်ကျော်ကို ခွဲဝေအသုံးပြုလျက်ရှိသည်။[12]

---

[10] လက်ရှိ ပြည်ထောင်စုအစိုးရ၏ စီးပွားရေးမူဝါဒများကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည်။

[11] ထွက်ဖေါ်းအွယ်၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်နှင့် အင်တာဗျူး၊ တောင်ဇလပ်တိုင်းမ်၊ အတွဲ ၁၊ အမှတ်စဉ် ၂၊ စာ-၆၊ မတ်လ ၂၀၁၈။

[12] အထက်ပါအတိုင်း။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာစေရန်အတွက် ချင်းပြည်နယ်မြောက်ပိုင်း စွန်းကျီခါးမြို့မှ တောင်ပိုင်းစွန်းပလက်ဂမြို့အထိ (၅၇၉) မိုင်ရှည်လျားသည့် ပြည်နယ်တောင်-မြောက် ချိတ်ဆက်သည့် ရာသီမရွေးသွားလာနိုင်မည့် မော်တော်ကားလမ်းဖောက်လုပ်ခြင်း၊ ဖလမ်းမြို့တွင် ATR 74 အမျိုးအစားလေယာဉ် ဆင်းသက်နိုင်မည့် လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ [13] ပလက်ဂမြို့တွင် ကုလားတန်မြစ်ကူးတံတား တည်ဆောက်ခြင်း [14] စသည်တို့ကိုလည်းကောင်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းနှင့် ဟားခါး-ဂန့်ဂေါလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို JICA နှင့် ကမ္ဘာ့ဘဏ်တို့၏ အကူအညီဖြင့်လည်းကောင်း စတင်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်တွင်းတောင်-မြောက် ဆက်သွယ်ရေးလမ်းတွင် အရေးကြီးသည့် ဘွေနူးမြစ်ကူး တံတား(နာရိန်)နှင့် ကုလားတန်မြစ်ကူးတံတား (ဘွေလီ) တို့ကို တည်ဆောက်ပြီးစီး ထားပြီးဖြစ်သည်။[15]

**<u>အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး</u>** ကို အစိုးရသစ်အနေဖြင့် ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အတွက် ကျောရိုးမဏ္ဍိုင်အဖြစ် ရွေးချယ်ထားသည်။ [16] အစိုးရသစ် စတင်တာဝန်ထမ်းဆောင်ပြီး များမကြာမီ ၂၀၁၆ ဇွန်လတွင် ချင်းပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Chin State SMEs Development Workshop) ကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရုံးချုပ်၏ ကူညီပံ့ပိုးမှုဖြင့် ဟားခါးမြို့တွင် နှစ်ရက်တာကျင်းပပြုလုပ်ခဲ့ပြီး၊ ယင်းအလုပ်ရုံဆွေးနွေးပွဲမှ ချင်းပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ် ၁၃ရပ် (၂၀၁၆-၂၀၂၁)ကို ရေးဆွဲချမှတ်ခဲ့သည်။[17] ၂၀၁၆ ဇူလိုင်လတွင် ပြည်နယ်ဝန်ကြီးချုပ်က နာယကအဖြစ်လည်းကောင်း၊ ပြည်နယ်စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးက

---

[13] နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေဖြင့် ကျပ် ၂၅ ဘီလီယံ ကုန်ကျမည်ဖြစ်ပြီး၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဟု သိရသည်။ (ကိုးကား - တောင်ဇလပ်တိုင်းမ်၊ အတွဲ (၁)၊ အမှတ် (၁)၊ စာ - ၁၈ )

[14] နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေဖြင့် ကျပ် ၂၀ ဘီလီယံ ကုန်ကျမည်ဖြစ်ပြီး၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဟု သိရသည်။ (ကိုးကား - တောင်ဇလပ်တိုင်းမ်၊ အတွဲ (၁)၊ အမှတ် (၂)၊ စာ - ၂၈။)

[15] ဘွေနူးမြစ်ကူးတံတားသည် ထန်တလန်မြို့နယ်နှင့် မတူပီမြို့နယ် နယ်စပ်ပေါ်တွင်တည်ရှိပြီးနှင့် ဘွေလီတံတားသည် ပလက်ဂမြို့နယ်နှင့် မတူပီမြို့နယ် နယ်စပ်ပေါ်တွင် တည်ရှိသည်။

[16] ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဆလိုင်းအိုက်ဇက်ခင်နှင့်တွေ့ဆုံမေးမြန်းချက်။ ၁၊ ၃၊ ၁၈။ ဟားခါးမြို့။

[17] ချင်းပြည်နယ်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာလုပ်ငန်းစဉ်များကို နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားသည်။

ဥက္ကဋ္ဌ၊ ပြည်နယ်စိုက်မွေး/သစ်တောဝန်ကြီးက ဒုဥက္ကဋ္ဌ၊ ပြည်နယ်စက်မှုကြီးကြပ် ပြည်နယ်ဦးစီးမှူးက အတွင်းရေးမှူး၊ အဖွဲ့ဝင် ၁၅ဦး၊ ဆပ်ကော်မတီ ၄ခု ပါဝင်သော ချင်းပြည်နယ် အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီကို ဖွဲ့စည်းခဲ့သည်။[18]

ချင်းပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များအရ ချင်းပြည်နယ်အတွင်းရှိ တွန်းဇန်၊ တီးတိန် မြို့နယ်များတွင် ကော်ဖီ၊ ပြောင်း၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းတို့ကိုလည်းကောင်း၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်မြို့နယ်များတွင် ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ စပျစ်အပါအဝင် ဓာတုလွတ်စိုက်ပျိုးရေး (အထူးသဖြင့် ဖလမ်းမြို့နယ်) ၊ ရိရေကန်အခြေပြုခရီးသွား လုပ်ငန်းတို့ကိုလည်းကောင်း၊ ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များတွင် ထောပတ်သီး၊ ဂဉ၊ ကော်ဖီနှင့် ခရီးသွားလုပ်ငန်းတို့ကိုလည်းကောင်း၊ ပလက်ဝမြို့နယ် တွင် သရက်၊ ဂဉ၊ ဂျင်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းနှင့် ဝါး အခြေပြုလုပ်ငန်းတို့ကို ဦးစားပေး ရန် လျာထားကြောင်းသိရသည်။[19]

၂၀၁၇ ဖွန်လတွင် ချင်းပြည်နယ်ထွက် ကော်ဖီများကို ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ ဒေသအဆင့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး၊ ပြည်တွင်း/ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၇ စက်တင်ဘာလတွင် ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့နယ်များတွင် ၂၀၂၀ ပြည့်နှစ်အထိ ခနအဖွဲ့အစည်း နှင့် မြန်မာနိုင်ငံ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတို့၏ ပံ့ပိုးမှုဖြင့် သုံးနှစ်တာဆောင်ရွက်မည့် ထောပတ်သီး၊ ဂဉ၊ ကော်ဖီ ဖွံ့ဖြိုးရေးတန်ဖိုးမြှင့် ကွင်းဆက်စီမံကိန်း စတင်ခဲ့သည်။ [20]

---

[18] ချင်းပြည်နယ် စက်မှုကြီးကြပ်ဦးစီးဌာန ဒု-ညွှန်ကြားရေးမှူး ဦးရာလ်ကျုံးနှင့် တွေ့ဆုံမေးမြန်းချက်။ ၂၇၊ ၂၊ ၁၈။ ဟားခါးမြို့။

[19] ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းချက်။

[20] ပြည်နယ်စက်မှုကြီးကြပ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးဝင်းဦးနှင့်တွေ့ဆုံမေးမြန်းချက်။ ၁၊ ၃၊ ၁၈။ ဟားခါးမြို့။

အမျိုးသမီးများ၏ စီးပွားရေးအခွင့်အလမ်း ဖြစ်ထွန်းရရှိလာရေးအတွက် ဖလမ်း၊ ဟားခါး၊ ထန်တလန်နှင့် ပလက်ဝမြို့နယ်အတွင်းရှိ ရိုးရာဂျပ်ခုတ်လုပ်ငန်းလုပ်ကိုင်နေသော အမျိုးသမီးများအား လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများ ကူညီပံ့ပိုးပေးနိုင်ရန် အိန္ဒိယနိုင်ငံအခြေစိုက် Self-Employed Women Association (SEWA)နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်ထားဆဲဖြစ်ကြောင်း သိရှိရသည်။[21]

**<u>ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး</u>** အတွက် ၂၀၁၆ စက်တင်ဘာလမှ စတင်ကာ ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (Chin State Chamber of Commerce and Industries - CSCCI) ကို ပြန်လည်ဖွဲ့စည်းနိုင်ရန် အားပေးခဲ့ပြီး ယခုအခါ CSCCI သည် ဟားခါးမြို့တွင် ရုံးခန်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။ [22] ၂၀၁၆ ဒီဇင်ဘာလတွင် ချင်းပြည်နယ်အတွင်း စီးပွားရေးဆိုင်ရာ အတွေးအမြင်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ချင်းပြည်နယ် စီးပွားရေး သင်တန်းကျောင်း (Chin State Business Institute - CSBI) ကို ဖွင့်လှစ်ကာ ရန်ကုန်မြို့အခြေစိုက် Strategy First Institute နှင့် သုံးနှစ်တာပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာရေးထိုးကာ စီးပွားရေးရာသင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။[23]

**<u>ရင်းနှီးမြှုပ်နှံမှုရရှိလာရေး</u>** နှင့်ပတ်သက်လျှင် ချင်းပြည်နယ်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာမှု မရှိသေးသော ပြည်နယ်တစ်ခု (Zero investment) အဖြစ်တည်ရှိဆဲဖြစ်သည်။ [24] အစိုးရသစ်လက်ထက်တွင် ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြင့် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဦးဆောင်၍ ချင်းပြည်နယ်အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရန်မူဘောင် (Framework to Attract

---

[21] ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းချက်။

[22] ချင်းပြည်နယ် ကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးနှင့် တွေ့ဆုံမေးမြန်းချက်။ ၁၅၊ ၂၊ ၁၈။ ရန်ကုန်မြို့။

[23] ချင်းပြည်နယ် စက်မှုကြီးကြပ်ဦးစီးဌာန ဒု-ညွှန်ကြားရေးမှူး ဦးရာလ်ကျုံးနှင့် တွေ့ဆုံမေးမြန်းချက်။

[24] ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးဒေါက်တာမင်းဇော်ဦးနှင့် တွေ့ဆုံမေးမြန်းချက်။ ၂၇၊ ၂၊ ၁၈။ ဟားခါးမြို့။

Investment to Chin State) မူကြမ်းကိုစတင်ရေးဆွဲခဲ့ပြီး၊[25] ဦးစားပေး နယ်ပယ်များ အဖြစ် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍနှင့် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍတို့ကို လျာထားပြီး ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။[26] ချင်းပြည်နယ် သည် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်ကင်းလွတ်ခွင့် (၇)နှစ် ရရှိသည့် ဇုန် (က) စာရင်းတွင် ပါဝင်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ရုံးကို စတင်ဖွင့်လှစ်ခဲ့ပြီး၊ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီကို လည်း ဖွဲ့စည်းခဲ့သည်။ ထို့ပြင် ပလက်ဝမြို့နယ်အတွင်း ဆောင်ရွက်လျှက်ရှိသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူ ပို့ဆောင်ရေး စီမံကိန်းကိုအခြေခံပြီး၊ ရေရှည် တွင် အိန္ဒိယနှင့် အာဆီယံဆက်သွယ်သည့် စီးပွားရေး ကော်ရစ်ဒါတစ်ခု ဖြစ်ပေါ် လာနိုင်ရေး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအားဖိတ်ခေါ်နိုင်ရန် ပြင်ဆင်ဆောင်ရွက် လျှက်ရှိကြောင်းသိရသည်။[27] ထို့ကြောင့် လက်ရှိချင်းပြည်နယ် အစိုးရအနေဖြင့် ချင်းပြည်နယ် လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို ဦးတည်ကာ အချက်ကျကျ မဟာဗျူဟာစီမံကိန်း များရေးဆွဲပြီး၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ကြိုးစားအား ထုတ်လျက်ရှိနေပေသည်။

[25] ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းချက်။

[26] Su Phyo Win, “Dirt-poor Chin State hidden gem for investors”. Myanmar Times, November 20, 2017, accessed May 2, 2018. <https://www.mmtimes.com/news/dirt-poor-chin-state-hidden-gem-investors.html>.

[27] “Economic zone to be Constructed in Chin State's Paletwa,” Burma News International (BNI), February 28, 2018, accessed May 2, 2018. <https://www.bnionline.net/en/news/economic-zone-be-constructed-chin-states-paletwa> .



ဖလမ်းလေဆိပ် (ဆူရ်ဘုန်) တည်ဆောက်ရေးလုပ်ငန်းခွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ အတွင်းကတွေ့ရစဉ်

(Khonumthung News)

# ၄။ အဓိကတွေ့ရှိချက်များ

## ၄-၁။ ဒေသန္တရစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ

ဒေသန္တရစီမံကိန်းများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ နှစ်စဉ်ဘဏ္ဍာရေး နှစ်အလိုက် ဒေသတွင်း အခြေခံစီးပွားရေး အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးဆွဲဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သည်။ [28] ယင်းဒေသန္တရစီမံကိန်းများကို အောက်ခြေမှအပေါ်သို့ (Bottom-Up) နည်းလမ်းဖြင့် ရေးဆွဲခြင်းဖြစ်သည်။ [29] ချင်းပြည်နယ်အစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ချင်းပြည်နယ်၏ လူမှု-စီးပွားအခြေအနေ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာသည်ဟု ဆိုသည်။ [30] ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ မတ်လကုန်အထိ ကဏ္ဍအလိုက် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၇၇၉၉၁.၄ ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ မတ်လကုန်တွင် ကျပ်သန်းပေါင်း ၃၄၆၂၀၃.၄ ဖြစ်ရာ တိုးတက် ပြောင်းလဲမှုနှုန်း ၂၄.၅% ဖြစ်သည်ဟု သိရသည်။[31]

ချင်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) တိုးတက်မှုမှာ ပုံမှန်ဈေးနှုန်းများအရ ၁၆.၃%ဖြစ်သည်။ ၂၀၁၆-၂၀၁၇

---

[28] ဒေသန္တရစီမံကိန်းများရေးဆွဲခြင်း၊ ရ/သုံးခန့်မှန်းခြေစာရင်းများရေးဆွဲခြင်းတို့နှင့်ပတ်သက်၍ အကျယ်လေ့လာလိုသူများအနေဖြင့် Renaissance Institute နှင့် Asia Foundation တို့မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ တွင် ထုတ်ဝေသည့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲခြင်း၊ အရ/အသုံး မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေကြေးလျာထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရလာဒ်များအစီရင်ခံစာ" တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

[29] ဒေသန္တရစီမံကိန်းများကို မြို့နယ်အဆင့်မှ စတင်စုစည်းပြုစုရေးဆွဲခြင်းဖြစ်သည်။ မြို့နယ်အဆင့်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ စီမံကိန်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက အတွင်းရေးမှူးနှင့် ဆက်စပ်ဌာနများက အဖွဲ့ဝင်များအဖြစ်ပါဝင်ပြီး ဖွဲ့စည်းဆောင်ရွက်သော မြို့နယ်အဆင့် ဒေသန္တရစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ (ရေး/ဖော်) ဖြင့် ရေးဆွဲခြင်းဖြစ်သည်။ မြို့နယ်မှ ရေးဆွဲထားချက်များကို ခရိုင်အဆင့်ရေး/ဖော်ကော်မတီ၊ ထိုမှ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ရေး/ဖော် ကော်မတီသို့အဆင့်ဆင့်တင်ပြကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏စိစစ်အတည်ပြုချက် ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းဖြစ်သည်။

[30] ဆလိုင်းအိုက်ဇက်ခင်၊ ချင်းပြည်နယ် ဖွံ့ဖြိုးရေး အတွေးစာစုများ၊ ၂၀၁၈။ စာ - ၆၇။

[31] အထက်ပါအတိုင်း။

ဘဏ္ဍာရေးနှစ်တွင် အဓိက အားသာချက်များအဖြစ် ဆောက်လုပ်မှုကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အပေါ် ၆၄.၇% တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်း (လမ်းတံတားများ ပြုပြင်မွမ်းမံခြင်း၊ လမ်းတာတိုးချဲ့ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းများ...) ၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အပေါ် ၃၀.၀% တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်း (မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား တိုးတက်ရရှိခြင်း၊ ဓါတ်အားလိုင်းများ တိုးချဲ့တည်ဆောက်တပ်ဆင်ခြင်း...) ၊ ငွေရေးကြေးရေးကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အပေါ် ၃၆.၁% တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်း (ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်လာခြင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုချောမွေ့စွာ ဆောင်ရွက်လာနိုင်ခြင်း)၊ ဆက်သွယ်ရေးကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အပေါ် ၂၈.၂% တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်း (မိုဘိုင်းဖုန်းကွန်ယက်များ တိုးချဲ့တပ်ဆင်ခြင်း၊ မိုဘိုင်းဖုန်းသုံးစွဲမှု ပိုမိုများပြားလာခြင်း) တို့ဖြစ်သည်။ ထို့ပြင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၆%၊ ကုန်သွယ်မှုကဏ္ဍတွင် ၅.၉%၊ စက်မှုလက်မှုကဏ္ဍတွင် ၅.၈%၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတွင် ၄.၈%၊ သားငါးကဏ္ဍတွင် ၄.၆%၊ ပို့ဆောင်ရေးကဏ္ဍတွင် ၄.၁% နှင့် သတ္တုကဏ္ဍတွင် ၂.၃% အသီးသီး တိုးတက်မှု ရရှိခဲ့ကြောင်းသိရသည်။[32]

သို့သော် ချင်းပြည်နယ်အတွင်း သစ်ထုတ်လုပ်မှုရပ်ဆိုင်းထားသဖြင့် သစ်တောကဏ္ဍတွင် ၆၉ .၂% လျော့နည်းခဲ့ပြီး၊ သဘာဝဘေးကြောင့် လယ်ယာမြေများပြန်လည်စိုက်ပျိုးနိုင်မှု မရှိသေးခြင်းနှင့် တောင်ယာစိုက်ပျိုးသူနည်းပါးလာခြင်းကြောင့်လယ်ယာကဏ္ဍတွင်လည်း ၂.၂% လျော့နည်းခဲ့သည်။ ချင်းပြည်နယ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၅၇၆၃၅၇ (ကျပ် ငါးသိန်းခုနစ်သောင်း) ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျပ် ၇၀၇၃၉၈ (ကျပ် ခုနစ်သိန်း) ဖြစ်သည်။ ထို့ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ လူတစ်ဦးချင်းပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအနည်းငယ် တိုးတက်လာကြောင်း တွေ့ရှိရသည်။[33]

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ခုနှစ် မူလခန့်မှန်းခြေငွေစာရင်းအရ ခွင့်ပြုရငွေပေါင်းမှာ ကျပ်သန်း ၉၅၈၄.၁၂၃၊ သုံးငွေပေါင်း ကျပ်သန်း ၁၄၂၁၁၁.၇၅၉ နှင့် လိုငွေ

---

[32] အထက်ပါအတိုင်း။

[33] အထက်ပါအတိုင်း။

ပေါင်း ကျပ်သန်း ၁၃၂၅၂၇.၆၃၆ ဖြစ်သည်။[34] ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ချင်းပြည်နယ်ကို အခွန်ဝေစု ကျပ်သန်း ၁၃၉၁၀.၄၅၄ ထပ်မံတိုးမြှင့်ပေးခဲ့သည်။ ထို့ကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ရငွေစုစုပေါင်းမှာ ကျပ်သန်း ၂၄၃၆၃.၃၇၉၊ သုံးငွေစုစုပေါင်းမှာ ကျပ်သန်း ၁၅၆၈၉၁.၀၁၅နှင့် လိုငွေမှာ မူလခန့်မှန်းခြေစာရင်းအတိုင်း ကျပ်သန်း ၁၃၂၅၂၇.၆၃၆ ဖြစ်သည်။[35]

ချင်းပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းသုံးငွေ၏ ၅၂.၈ ရာခိုင်နှုန်း (ကျပ်သန်း ၅၇၉၃၈.၉ ၃၃) ကို လမ်းဦးစီးဌာနကိုလည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေ၏ ၁၁.၉ ရာခိုင်နှုန်း (ကျပ်သန်း ၁၃၁၀၀.၉၉၂) ကို နတလကိုလည်းကောင်း၊ ၁၀.၀ ရာခိုင်နှုန်း (ကျပ်သန်း ၁၀၉၇၄.၇၂၆) ကို လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်းကိုလည်းကောင်း၊ ၇.၄ ရာခိုင်နှုန်း (ကျပ်သန်း ၈၁၁၃.၅၁၆) ကို စည်ပင်သာယာရေးအဖွဲ့များကို လည်းကောင်း၊ ၃.၇ ရာခိုင်နှုန်း (ကျပ်သန်း ၄၀၁၇.၃၀၀) ကို ဆည်မြောင်းဦးစီးဌာနကိုလည်းကောင်း ခွဲဝေချထားပေးခဲ့သည်။[36] ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ ဦးစားပေးနယ်ပယ်များအဖြစ် လမ်းပန်းဆက်သွယ်ရေးကို ပထမ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို

[34] ယခုအစီရင်ခံစာရေးသားနေချိန်တွင် ချင်းပြည်နယ်အတွင်း အစိုးရဌာန စုစုပေါင်း (၆၂) ခုရှိပြီး၊ ပြည်နယ်အစိုးရ၏ နှစ်စဉ်ဒေသန္တရစီမံကိန်းဘတ်ဂျတ်ရေးဆွဲရာတွင် ပါဝင်သည့်ဌာနပေါင်းမှာ (၂၃) ခုသာရှိသည်။ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများမှာ ပြည်ထောင်စုဝန်ကြီးဌာနများက တိုက်ရိုက် ဘတ်ဂျတ်လျာထားဆောင်ရွက်ခြင်းဖြစ်ပြီး၊ ပြည်နယ်အစိုးရ၏ ဘတ်ဂျတ်ရေးဆွဲရာတွင် ပါဝင်ခြင်း မရှိပါ။ ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်း အစရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများမှာလည်း နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တစ်ဆင့်ရရှိသည့်ရန်ပုံငွေများ ဖြစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ တိုက်ရိုက်ခွဲဝေလျာထားဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါဇယား (၁)နှင့် (၂) အရ ပြည်ထောင်စုအစိုးရ၏ စာရင်းတွင်သာ ထည့်သွင်းလျာထားရမည့်ဘတ်ဂျတ်များလည်း ရှိသေးရာ ပြည်နယ်အစိုးရ၏ နှစ်စဉ် ခန့်မှန်းခြေငွေစာရင်းမှာ ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် တိုက်ရိုက်ရှိပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါဇယားများက ခွင့်ပြုသည့်ဌာနများ နှင့် လုပ်ငန်းပမာဏများအတွက်သာဖြစ်သည်။

[35] ဆလိုင်းအိုက်ဇက်ခင်၊ စာ- ၅၁-၅၂။

[36] ဆလိုင်းအိုက်ဇက်ခင်၊ ချင်းပြည်နယ်သူ/ပြည်နယ်သားများ သိသင့်သော ချင်းပြည်နယ်အစိုးရ၏ နှစ်စဉ်ဘဏ္ဍာရေး နှစ် ခန့်မှန်းခြေငွေစာရင်း။ တောင်ဇလပ်တိုင်းမ်၊ အတွဲ (၁)၊ အမှတ် (၁) ၊ စာ - ၉ ၊ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ)

ဒုတိယ၊ [37] လျှပ်စစ်ဓာတ်အားရရှိရေးကို တတိယနှင့် မြို့ပြစည်ပင်လုပ်ငန်း များကို စတုတ္ထဦးစားပေးအဖြစ် အသီးသီးခွဲဝေအသုံးပြုခြင်းဖြစ်ကြောင်း တွေ့ရသည်။

> Our top priority is getting better road and bridge connection as well as better electricity access in all townships.
>
> - Salai Lian Luai, Chin State Chief Minister[38]

လက်ရှိအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီ ပြည်သူသို့ ချပြရမည့် ဘတ်ဂျတ်ဆိုင်ရာ အချက်အလက်များကို နှစ်စဉ်ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget) ပြုစုထုတ်ဝေကာ အစိုးရ၏ဘတ်ဂျတ် ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဆောင်ရွက်လျှက်ရှိသည်။ [39] ထို့အတူ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ချင်းပြည်နယ်ရှိ မြို့နယ်အချို့တွင် ဒေသန္တရစီမံကိန်းရေးဆွဲမှုပြုလုပ်စဉ် လွှတ်တော်ကိုယ်စားလှယ်များသာမက ဒေသခံပြည်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများပါ သိရှိပြီး ပါဝင်နိုင်အောင် စတင်ဆောင်ရွက်လျှက်ရှိကြောင်းသိရသည်။ [40] ထို့ပြင် အစိုးရသစ်လက်ထက်တွင် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့များနှင့် ချင်းပြည်နယ်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့အနေဖြင့် မိမိတို့၏ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းရေးဆွဲထားရှိမှုနှင့် လုပ်ငန်းအကောင်အထည်ဖေါ် ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာမြို့နေ

---

[37] ကျေးလက်ဒေသဖွံ့ဖြိုးရေးဟုဆိုသည့်တိုင် အများဆုံးဆောင်ရွက်သည့်လုပ်ငန်းများမှာ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအတွက် အဓိကသုံးစွဲခြင်းဖြစ်သည်။ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ခြင်း၊ တံတား၊ ရေနုတ်မြောင်း၊ ရေထုတ်ပြွန်၊ မြေထိန်းနံရံတည်ဆောက်ခြင်းစသည်တို့ဖြစ်သည်။

[38] Su Phyo Win, "Dirt-poor Chin State hidden gem for investors", Myanmar Times, November 20, 2017, accessed May 2, 2018. https://www.mmtimes.com/news/dirt-poor-chin-state-hidden-gem-investors.html .

[39] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ (Citizen's Budget)၊ ၂၀၁၇ ခုနှစ် မေလ (၃၁) ရက်။ စာ- ၁။

[40] ၂၀၁၈-၂၀၁၉ ခုနှစ်ဒေသန္တရစီမံကိန်းရေးဆွဲခြင်းနှင့်ပတ်သက်၍ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်များတွင် မြို့နယ်တာဝန်ခံဝန်ကြီး၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဒေသန္တရ စီမံကိန်းရေးဆွဲအကောင်အထည်ဖေါ်ရေးကော်မတီမှ ပြည်သူများသို့ ရှင်းလင်းတင်ပြသည့်အခမ်းအနားများကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ပြည်သူများအား အခါအားလျော်စွာ အသိပေးရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ကြောင်း သိရသည်။[41]

သို့သော် ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် မိမိတို့ဌာနမှ နှစ်စဉ် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဒေသန္တရစီမံကိန်းများအပါအဝင် နိုင်ငံတော်မှ ပံ့ပိုးသည့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသနှင့်မြို့နယ်အသီးသီးမှ ပြည်သူလူထုတို့အား အခါအားလျော်စွာ အသိပေးခြင်း၊ ရှင်းလင်းတင်ပြခြင်းနှင့် စိတ်ပါဝင်စားသော ပြည်သူလူထုများအား လုပ်ငန်းခွင်များတွင် လေ့လာခွင့် စီမံဆောင်ရွက်ပေးရန် လိုအပ်ဆဲဖြစ်သည်။ ဒေသခံပြည်သူများ အနေဖြင့် မိမိတို့မြို့နယ်အတွင်းရှိ ဒေသန္တရစီမံကိန်းများအရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း ဂဃနဏသိရှိသူ အလွန်နည်းပါးသေးကြောင်း တွေ့ရသည်။ အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသားဆိုလျှင် အမျိုးသမီးများအနေဖြင့် ဒေသန္တရစီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို သိရှိမှု ပိုမိုနည်းပါးသည်။

နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ ပထမအချက်ဖြစ်သော ပွင့်လင်းမြင်သာပြီး ကောင်းမွန် တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်ဟူသောအချက်တွင် ပါရှိသည့် ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဒေသန္တရစီမံကိန်း စတင်ရေးဆွဲစဉ်က အစပြုပြီး၊ ဘတ်ဂျက်ခွင့်ပြုချက်ရရှိခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တလျှောက်လုံးတွင် အစိုးရဌာနများကသာ ဆောင်ရွက်သွားကြသည့်စနစ်မှ ဒေသခံပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်မှုကို စီမံကိန်းလုပ်ငန်းစဉ် အစမှအဆုံးထိ ရရှိနိုင်အောင် ဆောင်ရွက်ရန်လိုအပ်သည်။ သို့မှသာ ပွင့်လင်းမြင်သာပြီး ခိုင်မာ တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာပါက ပြည်သူအများမျှော်လင့်သည့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ် ပိုမို အားကောင်းလာမည်ဖြစ်သည်။

---

[41] ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ချင်းပြည်နယ် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းချက်။ ၂၇၊ ၂၊ ၁၈။ ဟားခါးမြို့။

## ၄-၂။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အလုပ်လက်မဲ့ပြဿနာ

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ချင်းပြည်နယ်အတွင်းရှိ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့် လူဦးရေ (အသက် ၁၅-၆၄ နှစ်) ၏ ၅.၄% (ကျား ၅.၉ % နှင့် မ ၄.၇%) ဖြစ်သည်။[42] ပြည်ထောင်စုတစ်ခုလုံး၏ ပျမ်းမျှအလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၄.၀% (ကျား ၃.၉ % နှင့် မ ၄.၁%) ဖြစ်သဖြင့် ချင်းပြည်နယ်ရှိ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ပြည်ထောင်စုပျမ်းမျှရာခိုင်နှုန်းထက် ပိုမိုများပြားကြောင်းတွေ့ရသည်။ [43] ထို့ပြင် ချင်းပြည်နယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေ ထက်ပိုမိုများပြားလင့်ကစား အလုပ်လက်မဲ့ရာခိုင်နှုန်းတွင်မူ အမျိုးသမီးများထက် အမျိုးသားများက ပိုမိုများပြားကြောင်းတွေ့ရသည်။ ၂၀၁၇ ခုနှစ် မတ်လကုန်တွင် ပြုစုသော ချင်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းအရ ချင်းပြည်နယ်အတွင်း မြို့နယ်အလိုက် အလုပ်လက်မဲ့နှုန်းမှာ ပိုမိုမြင့်တက်လာကြောင်းတွေ့ရသည်။[44]

ချင်းပြည်နယ်အတွင်း အလုပ်လက်မဲ့များပြားရခြင်း၏ အဓိကအကြောင်းရင်းများတွင် ပြည်နယ်အတွင်း ပြင်ပရင်းနှီးမြှုပ်နှံမှု မရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်း မပေါ်ပေါက်ခြင်း၊ အစိုးရ၏ စီမံကိန်းလုပ်ငန်းများရှိသည့်တိုင် ဒေသခံပြည်သူများမှာ အလုပ်ကြမ်းလုပ်သားများအဖြစ် အခြားဒေသများမှ လာရောက်သည့် အလုပ်ကြမ်းလုပ်သားများနှင့် ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးခြင်းနှင့် လုပ်ခလစာများမှာလည်း ဒေသခံများကို ဆွဲဆောင်နိုင်မှုနည်းပါးခြင်း၊ ထို့ပြင် အရည်အသွေးပြည့်ဝသော လုပ်သားများအဖြစ် လေ့ကျင့်သင်ယူနိုင်သည့်အခွင့်အလမ်းများ နည်းပါးခြင်းစသည်တို့ပါဝင်သည်။ ချင်းပြည်နယ်၏ စီးပွားရေးစနစ်မှာ အများအားဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်မှ အခြေချစိုက်ပျိုး စီးပွားရေး ကုန်ထုတ်စနစ်သို့ ကူးပြောင်းနေသော ကြားကာလစီးပွားရေး (Transitional economy) ဖြစ်ကြောင်းတွေ့ရသည်။ လက်ရှိချင်းပြည်နယ်အတွင်းရှိ ပညာရေးအဆင့်များ (အစိုးရ

---

[42] ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်း၊ ချင်းပြည်နယ် အစီရင်ခံစာ အတွဲ (၃-ဃ)၊ စာ - ၇၉။

[43] ပြည်ထောင်စုတစ်ခုလုံးတွင် အလုပ်လက်မဲ့ရာခိုင်နှုန်းအမြင့်ဆုံးကို ရခိုင်ပြည်နယ် (၁၀.၄%) နှင့် ကရင်ပြည်နယ် (၇.၅%) တို့တွင် တွေ့ရှိရသည်။

[44] ၂၀၁၇ ခုနှစ် မေလအတွင်းက ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြုစုထားသည့် အချက်အလက်များအရ မြို့နယ်အလိုက် အလုပ်လက်မဲ့ရာခိုင်နှုန်း ပထမအများဆုံးမှာ တီးတိန်မြို့နယ် (၆၅.၄၇%)၊ ဒုတိယအများဆုံးမှာ ဟားခါးမြို့နယ် (၅၅.၅၁%) ဖြစ်ပြီး၊ ကျန်မြို့နယ်များမှာ ထန်တလန် (၂၃.၀၃%)၊ မင်းတပ် (၂၀.၅၄%)၊ ပလက်ဝ (၁၉.၁၆%)၊ ကန်ပက်လက် (၂၉%)၊ မတူပီ (၁၁.၁၀%)၊ ဖလမ်း (၂၈.၂၈%) နှင့် တွန်းဇန် (၂၁.၇၈%) အသီးသီးဖြစ်သည်။

ပညာရေးစနစ်သာမက ဘာသာရေးကျောင်းများမှ သင်ကြားပေးသော ပညာရေးစနစ်) သည် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူဖြစ်စေသည့် အခြေအနေတွင် မရှိသေးပါ။

နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ အပိုဒ်(၅)တွင် ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန် ဟူ၍ပါရှိသော်လည်း အင်တာဗျူးများတွင် ဖြေဆိုသူအများစုက လက်ရှိအစိုးရသစ် လက်ထက်တွင် ချင်းပြည်နယ်အတွင်း အလုပ်လက်မဲ့ပြဿနာနှင့် ပတ်သက်၍ ထိထိရောက်ရောက် ဖြေရှင်းနိုင်မှု မရှိသေးကြောင်း ဖြေဆိုကြသည်။ အထူးသဖြင့် ပြည်နယ်အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည့် အလားအလာ အလွန်နည်းပါးနေဆဲဖြစ်သည်ဟုဆိုသည်။[45] ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ် မတ်လအထိအတွင်း ချင်းပြည်နယ်တွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်ပေါင်း အလုပ်အကိုင် စုစုပေါင်း ၈၉ နေရာသာ ဖန်တီးပေးနိုင်ခဲ့ပြီး၊ အစိုးရကဏ္ဍမှ ၈၀ နှင့် ပုဂ္ဂလိကကဏ္ဍမှ ၉ နေရာဖြစ်သည်။[46]

အထက်ပါအချက်အလက်အရ ချင်းပြည်နယ်အတွင်း အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကို ကြည့်လျှင် အစိုးရကဏ္ဍမှ ဖန်တီးပေးနိုင်မှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။[47] ဤအချက်သည်ပင် အလုပ်အကိုင်ဖန်တီးပေးရာ၌ အထူးအရေးပါသည့် ပုဂ္ဂလိကအခန်းကဏ္ဍမှာ ချင်းပြည်နယ်အတွင်း အလွန်အားနည်းလျှက်ရှိကြောင်း ပေါ်လွင်ထင်ရှား

[45] ပြည်နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးဟုန်းကီးနှင့် တွေ့ဆုံမေးမြန်းချက်။ ၂၇၊ ၂၊ ၁၈။ ဟားခါးမြို့။

[46] ဆလိုင်းအိုက်ဇက်ခင်။ စာ - ၄၂။

[47] အထက်ပါကာလအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့မှု အခြေ အနေကို ကောက်နုတ်ဖော်ပြရလျှင် ရန်ကုန်တိုင်းဒေသကြီးတွင် အလုပ်အကိုင် စုစုပေါင်း ၆၉၁၈၂ နေရာ ဖန်တီးပေးခဲ့ပြီး အစိုးရကဏ္ဍမှ ၁၄၂၅ နှင့် ပုဂ္ဂလိကကဏ္ဍမှ ၆၇၇၅၇ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အလုပ်အကိုင်စုစုပေါင်း ၂၇၃၃ နေရာ ဖန်တီးပေးနိုင်ခဲ့ရာ အစိုးရကဏ္ဍမှ ၅၉၆ နှင့် ပုဂ္ဂလိကကဏ္ဍမှ ၂၁၃၇ ဖြစ်သည်။ ကယားပြည်နယ်တွင် စုစုပေါင်း ၅၅၉ နေရာ ဖြစ်ပြီး အစိုးရကဏ္ဍမှ ၁၁၀ နှင့် ပုဂ္ဂလိကကဏ္ဍမှ ၄၄၉ နေရာဖြစ်သည်။ မွန်ပြည်နယ်တွင် စုစုပေါင်း ၂၄၄၉ နေရာဖြစ်ပြီး အစိုးရကဏ္ဍမှ ၂၅၁ နှင့် ပုဂ္ဂလိက ကဏ္ဍမှ ၂၁၉၈ ဖြစ်သည်။ မကွေးတိုင်းဒေသကြီးတွင် စုစုပေါင်း ၃၅၀၇ နေရာဖြစ်ပြီး၊ အစိုးရကဏ္ဍမှ ၃၁၁ နှင့် ပုဂ္ဂလိကကဏ္ဍ မှ ၃၁၉၆ ဖြစ်သည်။

နေခြင်းဖြစ်သည်။ အမှန်စင်စစ် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရာတွင် ပုဂ္ဂလိက ကဏ္ဍမှ ဖန်တီးပေးနိုင်မှုကသာ ပိုမိုကျယ်ပြန့်ပြီး၊ ဈေးကွက်အရည်အသွေး လိုအပ်ချက် အခြေပြုကျွမ်းကျင်လုပ်သားများကို မွေးထုတ်နိုင်မည်ဖြစ်ကာ၊ တစ်ဖက်တွင်လည်း ဒေသ တွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာသည်ကို ဖေါ်ညွှန်းနေခြင်းဖြစ်သည်။ ထို့အတူ အစိုးရကဏ္ဍမှ အလုပ်အကိုင်ဖန်တီးပေးမှု များပြားနေခြင်းက အနည်းဆုံး ဆယ်တန်း အောင်၊ ဘွဲ့ရများသာ အလုပ်အကိုင်ရရှိနိုင်ပြီး၊ ဆယ်တန်းမအောင်မြင်သူများ၊ ဘွဲ့မရသူ များ အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှု ပိုမိုကြုံတွေ့နိုင်ကြောင်း ဖေါ်ပြနေခြင်းဖြစ် သည်။

မိသားစုအတွက်လုံလောက်သည့် ဝင်ငွေပုံမှန်ရရှိစေသည့် အလုပ်အကိုင်အခွင့်အလမ်း များ အလွန်နည်းပါးသည့်အတွက် မိမိတို့ပြည်နယ်တွင်းမှ ပြည်တွင်း၊ ပြည်ပရှိ ရေကြည်ရာမြက်နုရာ အရပ်ဒေသများသို့ထွက်ခွာခဲ့ကြသည်။ ဖြေဆိုသူအတော်များများ က မိမိတို့ဒေသတွင် မိမိတို့မြို့/ဒေသမှ ချင်းပြည်နယ်ပြင်ပသို့ အလုပ်အကိုင် ရရှိရေး အတွက် သွားရောက်သူမရှိသည့် အိမ်ထောင်စုအရေအတွက် အလွန်နည်းပါးကြောင်း ဖြေဆိုကြသည်။ [48] ဖြေဆိုသူလူငယ်အတော်များများက ၎င်းတို့အနေဖြင့် မိမိတို့ဒေသ တွင် အစိုးရအလုပ် သို့မဟုတ် တောင်ယာစိုက်ပျိုးရေးလုပ်ကိုင်ရန်ကလွဲလျှင် ကြီးပွား တိုးတက်နိုင်စရာ အလုပ်အကိုင်အခွင့်အလမ်းမရှိသဖြင့် တိုးတက်လိုသူ လူငယ်များမှာ ချင်းပြည်နယ် ပြင်ပသို့ထွက်ခွာပြီး အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေခြင်းမှတစ်ပါး အခြား ရွေးချယ်စရာနည်းလမ်းများအလွန် နည်းပါးသည်ဟု ဖြေဆိုကြသည်။[49]

ပြည်နယ်တွင်း အလုပ်အကိုင်ရှားပါးမှုနှင့် သက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်သည့် အခွင့်အလမ်း နည်းပါးမှုများက ချင်းလူမျိုးများစွာ အထူးသဖြင့် လူငယ်များ ပြည်တွင်း၌ သာမက နိုင်ငံရပ်ခြားများသို့တိုင်ထွက်ခွာပြီး အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်သည်ဟုဆိုသည်။[50] အမျိုးသားနှင့် အမျိုးသမီးတွင် အမျိုးသား များက ပို၍သွားရောက်ကြပြီး၊ ယခုအခါ အမျိုးသမီးများလည်း သွားရောက်လျက်ရှိ သည်ဟုသိရသည်။ အထူးသဖြင့် ချင်းပြည်နယ်အတွင်း အလုပ်လုပ်ကိုင်နိုင်သည့် လူငယ်

---

[48] ဟားခါး၊ ပလက်ဝနှင့် ကန်ပက်လက်မြို့များမှ မြို့မိမြို့ဖဖြေဆိုသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ဖြေဆိုသူများ အားလုံးနီးပါးက ယင်းအချက်ကို ထောက်ခံကြသည်။

[49] ပလက်ဝမြို့မှ လူငယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၉၊ ၂၊ ၁၈။ ပလက်ဝမြို့။

[50] ဟားခါးမြို့မှ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၁၊ ၃၊ ၁၈။ ဟားခါးမြို့။

များ တစ်နှစ်ပြီးတစ်နှစ် နည်းပါးလာလျှက်ရှိကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့လူမှုရေး ဝန်ကြီးကဆိုသည်။[51] အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ဌာနမှပြုစုသည့် လုပ်သားအင်အားဆိုင်ရာ အနှစ်ချုပ်အစီရင်ခံစာ (၂၀၁၅) တွင် ဖော်ပြချက်အရ နိုင်ငံခြားတွင်နေထိုင်သူများရှိသည့် အိမ်ထောင်စုရာခိုင်နှုန်းအမြင့်ဆုံး ပြည်နယ်သုံးခုမှာ ကရင်ပြည်နယ် (၃၉%)၊ မွန်ပြည်နယ် (၃၂%) နှင့် ချင်းပြည်နယ် (၂၉%) တို့ဖြစ်သည်။[52]

ထို့ပြင် လိုအပ်သောအရည်အချင်းနှင့် ပြည့်မီသော လုပ်သားရရှိရေးသည်လည်း ဒေသ တွင်း စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ဒေသခံလူငယ်နှင့် အမျိုးသမီးများသည် အလုပ်အကိုင်ရရှိနိုင်ရန် သတ်မှတ်ထားသောစံ၊ လိုအပ်ချက်ပြည့်မီနိုင်မှု၊ လုပ်ငန်းအရည် အသွေးပိုင်းဆိုင်ရာနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာအရည်အသွေးပိုင်း ဆိုင်ရာ ထောက်ပံ့ကူညီစီစဉ်ပေးရန် လိုအပ်နေသေးသော အနေအထားဖြစ်သည်။ ချင်းပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် ကုမ္ပဏီများ အနေဖြင့် ဒေသခံများကို အလုပ်သမားအဖြစ် ခန့်ထားခြင်းထက် လုပ်ငန်းလွယ်ကူ မြန်ဆန်အောင် ပြီးစီးနိုင်ရေးအတွက် အခြားဒေသမှကျွမ်းကျင်လုပ်သား သို့မဟုတ် လုပ်ငန်းသဘောနားလည်သော လုပ်သားများကိုသာ ရွေးချယ်ခန့်အပ်ခြင်းကြောင့် ဒေသခံများအတွက် အလုပ်အကိုင်ရှားပါးခြင်းပြဿနာကို ရင်ဆိုင်နေရသည်ဟုဆို သည်။[53]

ချင်းပြည်နယ်အတွင်း အစိုးရမှဖွင့်လှစ်သော သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း ကျောင်းများအဖြစ် ဟားခါးမြို့တွင် စက်မှုလက်မှုသိပ္ပံ (ပညာရေးဝန်ကြီးဌာန) ၊ တီးတိန် နှင့် မင်းတပ်မြို့များတွင် စက်မှုလက်မှုအထက်တန်းကျောင်း (ပညာရေး ဝန်ကြီးဌာန) ၊ ဖလမ်းမြို့တွင် စိုက်ပျိုးရေးသိပ္ပံ (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန) ၊ ဖလမ်းနှင့်မင်းတပ်မြို့များတွင် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း (လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) တို့ရှိပြီး၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မတူပီ၊ ကန်ပက်လက်၊ မင်းတပ်နှင့် ပလက်ဝမြို့များတွင် အမျိုးသမီး အိမ်တွင်းမှုသင်တန်း

---

[51] ပြည်နယ် လူမှုရေးဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၁၊ ၃၊ ၁၈။ ဟားခါးမြို့။

[52] ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်း၊ ချင်းပြည်နယ် အစီရင်ခံစာ အတွဲ (၃-ဃ)၊ စာ - ၄၄။

[53] တွေ့ဆုံမေးမြန်းခဲ့သည့် ကုမ္ပဏီလုပ်ငန်းရှင်များကမူ ဒေသခံလုပ်သားများမှာ ကျွမ်းကျင်မှုနည်းပါးခြင်း၊ အလုပ်လုပ်ချိန်ပေးနိုင်မှုနည်းပါးခြင်းနှင့် မကြာခဏပျက်ကွက်မှုရှိတတ်သည်ဟု ထောက်ပြကြသည်။




ချင်းပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ ဖြိုး တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (GDI)

ကျောင်းများ (နယ်စပ်ရေးရာဝန်ကြီးဌာန) ဖွင့်လှစ်ထားသည်။[54] ဖလမ်းနှင့် မင်းတပ်မြို့များရှိ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းများမှ သင်တန်းဆင်းအမျိုးသမီးများအနက်အချို့မှာ ကလေးနှင့် ပခုက္ကူမြို့များစသည်တို့တွင် ဆက်လက်သွားရောက်ကာ အလုပ်အကိုင်ရှာဖွေကြသူများရှိသည်။ သို့သော် အတော်များများမှာ ၎င်းတို့ကိုယ်ပိုင် အလုပ်အကိုင်ဖန်တီး ရပ်တည်နိုင်သည်အထိ အစိုးရမှ ဆက်လက်ပံ့ပိုးပေးနိုင်သည့် အခြေအနေမျိုး နည်းပါးသေးသည်ဟုဆိုသည်။ [55] နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် တက်ရောက်အောင်မြင်သူများအနေဖြင့် အစိုးရဌာနများတွင် အလုပ်အကိုင် အလွယ်တကူရရှိနိုင်ရန် အခွင့်အလမ်းကောင်းရှိသော်လည်း ယင်းကျောင်းများသို့ ဝင်ရောက်နိုင်ရန် ဘာသာရေးအခြေပြု ဦးစားပေးမှုများရှိသည်ဟု ဒေသခံအချို့က ထင်မြင်ယူဆမှု ရှိသည်။[56]

ထို့ပြင် ဖလမ်းမြို့တွင် သူနာပြုဒီပလိုမာ (၃)နှစ်သင်တန်းကျောင်း (ကျန်းမာရေး ဝန်ကြီးဌာန) ဖွင့်လှစ်ထားပြီး၊ လက်ရှိအစိုးရလက်ထက်တွင် ဟားခါးမြို့၌ ပညာရေးကောလိပ် (ပညာရေးဝန်ကြီးဌာန)နှင့် သူနာပြုသင်တန်းကျောင်း (ကျန်းမာရေးဝန်ကြီးဌာန) တို့ကို ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။[57] ယင်းသင်တန်းကျောင်းများမှ သင်တန်းဆင်းသူများသည် အစိုးရအလုပ်များတွင် ခန့်ထားခံရမည်ဖြစ်သည်။ အစိုးရသစ်လက်ထက်တွင် ပြည်နယ်အစိုးရ၏ဦးဆောင်မှုဖြင့် စက်မှုကြီးကြပ်ဦးစီးဌာနမှ ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း (Chin State Business Institute) ကို ပြည်နယ်အစိုးရအဖွဲ့၏ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်တစ်ခုအဖြစ် တည်ထောင်ခဲ့ပြီး၊ ရန်ကုန်မြို့အခြေစိုက် Strategy First Institute နှင့် ပူးပေါင်းကာ စီးပွားရေးသင်တန်း သုံးခုကို ဟားခါး၊ တီးတိန်နှင့် မင်းတပ်မြို့များတွင် ဖွင့်လှစ်ပေးခဲ့သည်။[58] ယင်းသင်တန်းကို အတော်များများ အထူး

[54] ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပလက်ဝမြို့၌ စက်မှုလက်မှုအထက်တန်းကျောင်းဖွင့်လှစ်ခွင့်ရရှိထားသည်ဟု သိရသည်။

[55] ပြည်နယ် အသေးစား စက်မှုလက်မှုဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၂၇၊ ၂၊ ၁၈။ ဟားခါးမြို့။

[56] Bill O Toole'. "*Chin rights group issues damning report*", The Myanmar Times, January 24, 2014, accessed May 5, 2018. https://www.mmtimes.com/national-news/9347-chin-rights-group-issues-damning-report.html .

[57] ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း။

[58] ပြည်နယ် စက်မှုကြီးကြပ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း။

သဖြင့် လူငယ်များကများစွာ ကြိုဆိုကြသော်လည်း ပြည်နယ်အစိုးရအနေဖြင့် အရှိန်အဟုန်ကောင်းစွာဖြင့် ဆက်လက် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းဖြေဆိုသူများက ထောက်ပြကြသည်။[59]

## ၄-၃။ ပုဂ္ဂလိကကဏ္ဍ

ချင်းပြည်နယ်တွင် ပုဂ္ဂလိကကဏ္ဍသည် ယခုမှစတင် အားယူနေဆဲအနေအထား ဖြစ်သော်လည်း ပြောင်းလဲလာသည့် နိုင်ငံရေးအခြေအနေတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာမှုအဖြစ် ထူးခြားစွာတွေ့ရှိရသည်မှာ ဒေသခံပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ ဆွေမျိုး/မိတ်ဆွေများစုစည်း၍ဖြစ်စေ ကုမ္ပဏီများတည်ထောင် လာကြခြင်းဖြစ်သည်။ ယခင်က ချင်းပြည်နယ်ရှိ ဒေသခံများအနေဖြင့် ကုမ္ပဏီများတည်ထောင်ကာ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အလွန်နည်းပါးခဲ့သော်လည်း လွန်ခဲ့သည့် ဦးသိန်းစိန်အစိုးရလက်ထက် နိုင်ငံတော်အစိုးရ၏ တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်လာချိန်မှ စတင်ကာ ချင်းပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် ဒေသခံငွေကြေးတတ်နိုင်သူများအနေဖြင့် ကုမ္ပဏီထူထောင်လာကြခြင်းဖြစ်သည်။[60] ၂၀၁၁ ခုနှစ်တွင် ချင်းပြည်နယ်အတွင်း ဒေသခံများ တည်ထောင်သည့် ကုမ္ပဏီအရေအတွက်မှာ ဆယ်ဂဏန်းမျှသာရှိခဲ့သော်လည်း ၂၀၁၅ နှစ်ကုန်တွင် ၁၀၀ ကျော်ရှိလာပြီး၊ ၂၀၁၇ နှစ်ကုန်တွင် ၅၀၀ နီးပါးအထိ တိုးတက်များပြားလာခဲ့သည်ဟုဆိုသည်။[61]

ဒေသခံကုမ္ပဏီအရေအတွက် အနည်းဆုံးမှာ တွန်းဇန်မြို့နယ်ဖြစ်ပြီး အများဆုံးမှာ ဟားခါးမြို့နယ်ဖြစ်သည်။[62] ယင်းကုမ္ပဏီအားလုံးနီးပါးမှာ အစိုးရ၏ နှစ်စဉ်ငွေလုံးငွေရင်း တင်ဒါလုပ်ငန်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားကြသည့် ကုမ္ပဏီများဖြစ်ကြသည်။ အများအားဖြင့် နတလ၊ ကျေးလက်ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ စသည့်ဌာနများရှိ တည်ဆောက်ရေးလုပ်ငန်းများ (လမ်း၊

---

[59] ၂၀၁၈ ခုနှစ် နွေရာသီအတွင်း ပလက်ဝမြို့တွင် ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသော်လည်း ယခုဤအစီရင်ခံစာပြုစုချိန်ထိ မဆောင်ရွက်နိုင်သေးကြောင်း သိရသည်။ (ကိုးကား - ထားထား၊ CSBI)

[60] ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် အင်တာဗျူး။

[61] ဒေါက်တာမင်းဇော်ဦးနှင့် အင်တာဗျူး။

[62] ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် အင်တာဗျူး။

တံတား၊ ရေမြွန်၊ အဆောက်အဦး၊ မြေထိန်းနံရံ အစရှိသည့် လုပ်ငန်းများ...) တွင် ဂင်ရောက်ယှဉ်ပြိုင်ကြခြင်းမှာ အများဆုံးဖြစ်သည်။[63] ယင်းကုမ္ပဏီများအနက် အတွေ့အကြုံကြွယ်ဂပြီး၊ အင်ဂျင်နီယာအရည်အသွေးနှင့် ငွေကြေးခိုင်မာတောင့်တင်းမှုရှိသော ကုမ္ပဏီများမှာ တစ်မြို့နယ်လျှင် လေး၊ ငါးခုထက် မပို။ အများစုမှာ ငွေကြေးရင်းနှီးစိုက်ထုတ်နိုင်မှု နည်းပါးသေးသည့် လူသစ်တန်းများ (emerging companies) သာ ဖြစ်ကြသည်ဟုဆိုသည်။[64]

မည်သို့ပင်ဆိုစေ ယခုကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းအတွက် ရည်ရွယ်ကာ ဖွဲ့စည်းတည်ထောင်လာကြခြင်းဖြင့် ဒေသခံများကြား စီးပွားရေးအမြင်သစ်များ လင်းပွင့်လာသကဲ့သို့ လုပ်ငန်းအတွေ့အကြုံများလည်း ရရှိလာခဲ့သည်။ အထူးသဖြင့် နိုင်ငံရပ်ခြားတွင် ရောက်ရှိနေထိုင်လျှက်ရှိသည့် သားသမီး၊ ဆွေမျိုးများ ပို့ပေးသည့် ငွေကြေးများကို ရင်းနှီးမြုပ်နှံမှုတစ်ခုအဖြစ် အသုံးပြုလာနိုင်ခြင်းဖြစ်သည်။ သို့သော် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အတွေ့အကြုံနည်းပါးခြင်း သို့မဟုတ် မရှိခြင်း၊ ကျွမ်းကျင်သည့် အင်ဂျင်နီယာဂန်ထမ်းများ စနစ်တကျခန့်ထားနိုင်မှု မရှိခြင်း သို့မဟုတ် လက်လှမ်းမမီခြင်းနှင့် သမားရိုးကျအတွေးအသိဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းစသည်တို့ကြောင့် ငွေကြေးပမာဏ ကြီးမားသော လုပ်ငန်းများကို တာဂန်ခံဆောင်ရွက်နိုင်သည့် ဒေသခံကုမ္ပဏီ နည်းပါးနေဆဲ ဖြစ်ပြီး ငွေကြေးပမာဏကြီးမားသည့် လုပ်ငန်းများဖြစ်လျှင် ချင်းပြည်နယ် ပြင်ပမှ လာရောက်သည့် ကုမ္ပဏီများကသာ ဂင်ရောက်ဆောင်ရွက်နေဆဲ ဖြစ်သည်ဟုဆိုသည်။[65]

ဒေသခံ စွန့်ဦးထီထွင် လုပ်ငန်းရှင်များရှိသော်လည်း အများစုမှာ မြန်မာဘာသာစကားကို ရေလည်ကောင်းမွန်စွာ မပြောဆိုနိုင်ခြင်းနှင့် စီးပွားရေးညှိနှိုင်းဆောင်ရွက်မှု နိသယရည်းများ မပိုင်နိုင်ခြင်း တို့ကြောင့် ပြည်မ/ချင်းပြည်နယ်ပြင်ပမှ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆက်ဆံရေး အခက်အခဲများရှိနေသေးသည်။ တင်ဒါအောင်မြင်နိုင်ရန် လုပ်ငန်းအလိုက် မတူညီသော အရည်အသွေးနှင့် အတွေ့အကြုံများလိုအပ်သည်။ ငွေကြေးပိုင်ဆိုင်မှု၊ နည်းပညာနှင့် အတွေ့အကြုံများအပေါ် အခြေခံ၍ အရွယ်အစားသေးသော လုပ်ငန်းရှင်နှင့် အရွယ်အစားကြီးသောလုပ်ငန်းရှင်များ ယှဉ်ပြိုင်ရသောအခါ အရွယ်အစားကြီးသော လုပ်ငန်းရှင်များကသာ ငွေကြေးပမာဏများသော တင်ဒါကို အများအားဖြင့် ရရှိနေပြီး၊

[63] ဆလိုင်းအိုက်ဇက်ခင်။ စာ- ၆၅။

[64] အထက်ပါအတိုင်း။

[65] ဂန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် အင်တာဗျူး။

ရင်းနှီးငွေချေးယူမှုသည်လည်း အရွယ်အစားကြီးသော လုပ်ငန်းများသာ လုံလောက်သော ချေးငွေချေးယူ နိုင်မှုရှိနေသည်။[66] ထို့ကြောင့် အရွယ်အစား ငယ်ရွယ်သေးသော ဒေသခံလုပ်ငန်းရှင်များမှာ သတ်မှတ်ထားသောလိုအပ်ချက်များ ပြည့်မီနိုင်ရန် အခက်အခဲများရှိနေသေးသည်ဟု ဆိုသည်။[67]

**"တင်ဒါလုပ်ငန်းကြီးရင် ဒေသခံကုမ္ပဏီတွေ မရတာများတယ်။ လုပ်ငန်းကြီးတွေဆိုရင် တိုက်ရိုက် လုပ်မယ့် လူတွေက ချက်ခြင်းဆိုရောက်လာတယ်။" (interview # 33)**

**"ကျောက်တော်၊ ရခိုင် အဲဒီနယ်စပ်တွေမှာပဲ ရောင်းဝယ်ရေးလုပ်တယ်။ အမျိုးသမီးတွေက ရခိုင်၊ ဗမာစကား ကောင်းကောင်းမပြောတတ်တော့ စီးပွားရေးလုပ်ငန်းမှာ အခက်အခဲအရမ်းရှိတယ်။" (interview # 3)**

ဒေသခံစီးပွားရေးလုပ်ငန်းရှင်အများစုမှာ အမျိုးသားများသာဖြစ်ကြပြီး၊ ကုမ္ပဏီတည်ထောင်သည့် အမျိုးသမီးအရေအတွက်မှာ အလွန်ပင်အနည်းငယ်မျှသာ ရှိသေးသည်။[68] အထူးသဖြင့် စီးပွားရေးလုပ်သည်ဆိုသည်မှာ အမျိုးသားများနှင့်သာ သက်ဆိုင်သည်ဟု သတ်မှတ်လက်ခံထားကြသည့် ချင်းလူမျိုးများကြားတွင် စီးပွားရေးလုပ်ငန်းတွင် ပါဝင်ကြသည့် အမျိုးသမီးများကို အမျိုးသားများအနေဖြင့် ခွဲခြားဆက်ဆံမှုမျိုး မရှိသည့်တိုင် အမျိုးသမီးများကိုယ်၌က အိမ်ပြင်ထွက်စီးပွားရေး လုပ်ကိုင်ကြသည်ကို များစွာအားမသန်လှကြောင်းသတိပြုမိသည်။ ထို့ကြောင့် အမျိုးသမီးများအနေဖြင့် မိမိတို့ နေအိမ်တွင်သာ နေ၍ဆောင်ရွက်နိုင်သည့် ရိုးရာဂျပ်ခုတ်ရက်ခြင်း၊ အိမ်ဆိုင်ဖွင့်ခြင်း၊ ဈေးရောင်းခြင်း စသည်တို့ကိုသာ အဓိကပြုလုပ်ကြကြောင်းတွေ့ရသည်။ ထိုထက်ပိုလျှင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ဆောင်ရွက်ကြပြီး၊ တောင်ယာလုပ်ငန်းများကို အမျိုးသမီးနှင့် အမျိုးသားများ ပူးတွဲလုပ်ကိုင် ဆောင်ရွက်ကြကြောင်းတွေ့ရသည်။ အမျိုးသမီးများအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို ဈေးကွက်အထိ တင်ပို့နိုင်သည့် အခြေအနေ အလွန်

[66] ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၉၊ ၂၊ ၁၈။ ပလက်ဝမြို့။

[67] ဒေသခံဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၁၊ ၃၊ ၁၈။ ဟားခါးမြို့။

[68] ဂန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် အင်တာဗျူး။

နည်းပါးသောကြောင့် ငွေကြေးပမာဏ ကြီးမားသည့်လုပ်ငန်းများကို ဆောင်ရွက်လေ့မရှိကြောင်းဖြေဆိုကြသည်။[69]

**"အမျိုးသမီးတွေတော့ ရက်ကန်းယက်ရောင်းချင်ကြတယ်။ ယက်ရတာလည်း ပင်ပန်းတယ်၊ ချည်လည်းဈေးကြီးတယ်။ ယက်ပြီးရင်လည်း ရောင်းဖို့နေရာက အဆင်မပြေဘူး။ အမျိုးသမီးတွေတော့ စီးပွားရေးကို စိတ်ဝင်တစားနဲ့လုပ်ချင်လည်း ဈေးကွက်ကမရှိတော့ အခက်အခဲတွေ အများကြီးရှိတာပေ့ါ။" (interview # 40)**

ချင်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှသာ ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ ထိုအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှု (Private Sector Development) ဖြစ်ထွန်းရရှိလာအောင် မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး၊ ထိုသို့ဖြစ်ထွန်းလာကြောင်းကိုလည်း ပုဂ္ဂလိက အင်စတီကျူးရှင်းများ (private institutions) ခိုင်မာအားကောင်းလာခြင်းဖြင့် သက်သေပြနိုင်ရမည်ဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးက ထုတ်ဖော်ပြောဆိုထားသည်။[70] အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင်သာမက အခြားသော စီးပွားရေးလုပ်ငန်းနယ်ပယ်များတွင်ပါ ဝင်ရောက်ဆောင်ရွက်နိုင်သည့် ချင်းပြည်နယ်အခြေစိုက်ဒေသခံ ကုမ္ပဏီများ လိုအပ်နေဆဲဖြစ်သည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်၊ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းနယ်ပယ် စသည်တို့တွင် လိုအပ်နေဆဲ ဖြစ်သည်ဟုဆိုသည်။[71]

ချင်းပြည်နယ်အတွင်း ဒေသခံကုမ္ပဏီများ အရေအတွက် များပြားလာသည်နှင့်အမျှ မလွဲမသွေ လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လာမည့်အချက်မှာ တာဝန်သိစီးပွားရေး

[69] အမျိုးသမီးအဖွဲ့အစည်းခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း။ ၂၅၊ ၂၊ ၁၈။ ကန်ပက်လက်မြို့။

[70] ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် အင်တာဗျူး။

[71] အထက်ပါအတိုင်း။



ကုလားတန်မြစ်ကူးတံတား၊ ပလက်ဝမြို့ (Khual Suante's facebook page)

(Responsible business) အလေ့အကျင့်များဖြစ်သည်။ [72] တာဝန်သိစီးပွားရေး အလေ့အကျင့်များရှိမှသာလျှင် ချင်းပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာမှုသည် ရေရှည်ခိုင်မြဲသော ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေပေမည်။ ထို့အတူ ကုမ္ပဏီများအနေဖြင့် မိမိတို့၏ အမြတ်အစွန်းရရှိမှုအလိုက် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့်လူမှုရေးလုပ်ငန်း (Corporate Social Responsibility) အစီအမံများကို ရေးဆွဲဆောင်ရွက်ခြင်းဖြင့်လည်း ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးမှု၏ အသီးအပွင့်ကို သာမန်ပြည်သူများ တွေ့ထိခံစားနိုင်စေမည်ဖြစ်သည်။[73]

၂၀၁၆ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည့် ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (CSCCI) မှာလည်း စတင်စည်းရုံးပညာယူနေသည့် အနေ အထားတွင်သာ ရှိနေသေးရာ ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသော အားကောင်းမောင်းသန် အင်စတီကျူးရှင်း တစ်ခုဖြစ်လာရန် အချိန်အတိုင်းအတာ တစ်ခု ယူရအုံးမည်ဖြစ်သည်။ [74] ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတွင် ရန်ကုန်မြို့၌ အခြေစိုက်သော လုပ်ငန်းရှင်များသာ အများဆုံးပါဝင်နေပြီး၊ ဒေသခံလုပ်ငန်းရှင်များ၏ လက်လှမ်းမှီနိုင်မှုနှင့် ပါဝင်နိုင်မှုကို တိုးမြှင့်ရန် မဖြစ်မနေ လိုအပ်သေးသည့်အနေအထားဖြစ်သည်။ သို့ရာတွင် ချင်းပြည်နယ်ကုန်သည်နှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းသက်ဝင်စေနိုင်ခြင်းက အစိုးရသစ် လက်ထက်တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးလာရန်အတွက် မျှော်လင့်ချက် ရောင်ခြည်ကောင်း တစ်ခုပင်ဖြစ်သည်။

---

[72] "About the Myanmar Center for Responsible Business," accessed May 6, 2018. http://www.myanmar-responsiblebusiness.org/about.html .

[73] Viren Lall, "Why CRS matters in new Myanmar," The Myanmar Times, October 22, 2012, accessed May 6, 2018. https://www.mmtimes.com/opinion/2607-why-csr-matters-in-new-myanmar.html

[74] ဦးတလွန်လျန်းနင်း (ဓနအဖွဲ့အစည်း) နှင့် တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းခြင်း။ ဓနအဖွဲ့အစည်းသည် ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွက် အဖွဲ့အစည်းဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးနေသည့်အဖွဲ့အစည်းဖြစ်သည်။

## ၄-၄။ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းဆိုင်ရာအလားအလာ

ချင်းပြည်နယ်အစိုးရသစ် တက်လာပြီးနောက် ချင်းပြည်နယ်သို့ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာနိုင်ရေးအတွက် ချင်းပြည်နယ်သို့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်နိုင်ရေးဆိုင်ရာ မူဘောင် (မူကြမ်း) ကို ရေးဆွဲခဲ့ပြီး၊ ချင်းပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဖိတ်ခေါ်ခဲ့သည်။[75] ထို့ပြင် ပြည်နယ်အစိုးရအနေဖြင့် ဒေသခံပြည်သူများအတွက် အားပေးဆောင်ရွက်မည့် ဦးစားပေးဒေသတွင်း စီးပွားရေးလုပ်ငန်းများအဖြစ် နယ်စပ်ကုန်သွယ်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းတို့ကို ရွေးချယ်ခဲ့သည်။ [76] ဤသို့ဖြင့် ချင်းပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ခြင်း (Attracting Investment) အပြင် ချင်းပြည်နယ်တွင်းရှိ ဒေသခံပြည်သူများ၏ ဒေသတွင်း စီးပွားရေး လုပ်ငန်း အခွင့်အလမ်းမြှင့်တင်နိုင်ရေး (Promoting local economic development)ကိုပါ ဒွန်တွဲဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းတွေ့ရသည်။

လက်ရှိအစိုးရသစ်လက်ထက် ပထမ (၂) နှစ်တာကာလအတွင်း ချင်းပြည်နယ်ပြင်ပမှ လာရောက်ပြီး ရင်းနှီးမြှုပ်နှံရန်အတွက် လေ့လာမှုပြုလုပ်ကာ ပြည်နယ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးမှုအများဆုံးကဏ္ဍမှာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဖြစ်သည်။ [77] ချင်းပြည်နယ်တွင် အကြီးစားရေအားလျှပ်စစ်ထုတ် လုပ်နိုင်သည့်အလားအလာအရှိဆုံး နေရာနှစ်ခုမှာ ပလက်ဝမြို့နယ်၊ သံတောင်ဒေသ၊ ကိုဖေရှည် ကျေးရွာအနီး လေးမြို့မြစ်ပေါ် (ခန့်မှန်း မီဂါဝပ် ၆၀၀) နှင့် ဖလမ်းမြို့နယ်၊ ကဘားနီအနီး၊ မဏိပူရ မြစ်ပေါ် (ခန့်မှန်း မီဂါဝပ် ၃၈၀) တို့ဖြစ်သည်။[78] ထို့ပြင် အလတ်စား (မီဂါဝပ် ၁၀ နှင့် ၃၀ ကြား)နှင့် အသေးစား (မီဂါဝပ် ၁၀ အောက်) လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖေါ်နိုင်မည့် စူးစမ်းရှာဖွေဆဲ ဖြစ်နိုင်ခြေများပြားသည့်နေရာများကို မတူပီ၊ မင်းတပ်၊ ထန်တလန်၊ တီးတိန်နှင့်တွန်းဇံမြို့နယ်များတွင် တွေ့ရှိထားသည်။ [79] ထို့ပြင် လေအားလျှပ်စစ်

---

[75] Chan Mya Htwe, "Chin State invites hydropower investment," The Myanmar Times, August 26, 2016, accessed May 6, 2018. https://www.mmtimes.com/business/22177-chin-state-invites-hydropower-investment.html

[76] "Chin State to focus on trade SMES and tourism," The Myanmar Times, accessed May 6, 2018. https://www.mmtimes.com/business/22136-chin-state-to-focus-on-trade-smes-and-tourism.html

[77] ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့် အင်တာဗျူး။

[78] ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာဦးထောင်းဇိုခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း။ ၂၇၊ ၂၊ ၁၈၊ ဟားခါးမြို့။

[79] အထက်ပါအတိုင်း။

ထုတ်လုပ်နိုင်သည့် အလားအလာရှိသောနေရာကို တီးတိန်မြို့နယ်အတွင်း တွေ့ရှိထားသည်။ [80] ထို့ကြောင့် အစိုးရသစ်လက်ထက် ပထမ (၂) နှစ်တာကာလအတွင်းတွင် ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဆိုင်ရာဖြစ်နိုင်ခြေ စူးစမ်းလေ့လာလိုသော တရုတ်၊ ဂျပန်နှင့် နော်ဝေနိုင်ငံများမှ ကုမ္ပဏီများ အနည်းဆုံး (၇) ဖွဲ့ ခန့်ရှိသည်ဟုဆိုသည်။[81]

လျှပ်စစ်ဥပဒေ (၂၀၁၄) အရ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို မီဂါဝပ် ၃၀ အထိ ပေးအပ်ထားသော်လည်း မဟာဓါတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသောလုပ်ငန်းဖြစ်ရမည်ဖြစ်သည်။ [82] ထို့ကြောင့် ချင်းပြည်နယ်တွင်လာရောက် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များအနေဖြင့် မဟာဓါတ်အားလိုင်းစနစ်သို့ ပို့လွှတ်ရောင်းချရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဆိုပါက ပြည်ထောင်စုအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ကြိုတင်သဘောထား မရရှိဘဲ စီမံကိန်းရင်းနှီးမြှုပ်နှံရန် အခက်အခဲရှိသည်။[83] အထူးသဖြင့် လျှပ်စစ်ဓါတ်အား ရောင်းချရာတွင် ရောင်းချဈေး (tariff)သည် အလွန်အမင်း နည်းပါးပြီး၊ အရင်းကြေကာလ မလွဲမသွေကြာမြင့်မည်ဖြစ်ရာ ထုတ်လုပ်နိုင်သည့် စီမံကိန်းများရှိသည့်တိုင် ရင်းနှီးမြှုပ်နှံရန် စွန့်စားရမည်ဟုဆိုသည်။ [84] ထို့ပြင် ချင်းပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဦးစီးဌာနဖွဲ့စည်းထားရှိမှုလည်း မရှိသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သဘောတူထောက်ခံ အားပေးမှု မပါရှိဘဲ မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ဆန္ဒသဘောထားတစ်ခုတည်းဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ရန် မဖြစ်နိုင်ကြောင်းတွေ့ရသည်။

---

[80] အထက်ပါအတိုင်း။

[81] ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့် အင်တာဗျူး။

[82] လျှပ်စစ်ဥပဒေ (၂၀၁၄)၊ ပုဒ်မ ၉ (က)၊ (၁)။

[83] လျှပ်စစ်ဥပဒေ (၂၀၁၄)၊ ပုဒ်မ (၁၃) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အား အလတ်စားနှင့်အသေးစား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းခွင့်ပြုမိန့်ထုတ်ပေးပိုင်ခွင့် ပေးအပ်ထားသော်လည်း ပုဒ်မ (၁၄) အရ မဟာဓါတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အားရောင်းချလိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်သည်။

[84] ချင်းပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် ပြည်နယ်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နေသည့် လုပ်ငန်းရှင်တစ်ဦးနှင့် အင်တာဗျူး။

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ရေးကာလ ကြာမြင့်သော ရေအားလျှပ်စစ်စီမံကိန်းများအစား ကာလတိုအတွင်း အကောင်အထည်ဖော်နိုင်သည့် LNG ကို အားပေးလာခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် LNG ထုတ်လုပ်ရေးစီမံကိန်းလေးခုကို ဝန်ကြီးဌာနက ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည်။ [85] အကယ်၍ ယင်း စီမံကိန်းများအားလုံး အထစ်အငေါ့မရှိ အကောင်အထည်ဖော်နိုင်မည်ဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် လာမည့်လေးနှစ်အတွင်း လက်ရှိ စွမ်းအင်ထုတ်လုပ်မှုထက် နှစ်ဆပမာဏကို ကောင်းမွန်စွာ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ချင်းပြည်နယ်အနေဖြင့် ပြည်ထောင်စု၏ စိတ်ဝင်စားမှုနှင့် ယှဉ်ပြိုင်ကာ ပြည်နယ်တွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကို ဖန်တီးရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်နှစ်ကုန်ပိုင်းတွင် ချင်းပြည်နယ်အစိုးရမှ ချင်းပြည်နယ်အတွင်း ဟိုတယ်ဆောက်လုပ်လိုသူများအား ဖိတ်ခေါ်ခဲ့ပြီး၊ ပလက်ဝ၊ မတူပီ၊ ဟားခါး၊ တီးတိန်နှင့် ဖလမ်းမြို့နယ်များတွင် ဟိုတယ် (၁၂) လုံး ဆောက်လုပ်ရန် လုပ်ငန်းရှင် (၁၂) ဦးအား ရွေးချယ်ခဲ့သည်။ [86] သို့ရာတွင် အချို့သော လုပ်ငန်းရှင်များမှ ၎င်းတို့၏သဘောထား ဆန္ဒဖြင့် ရုပ်သိမ်းခြင်းနှင့် အချို့သောလုပ်ငန်းရှင်များအား ပြည်နယ်အစိုးရမှ ကန့်သတ်မှု ပြုလုပ်လိုက်ခြင်းကြောင့် ၂၀၁၇ ဒီဇင်ဘာလတွင် ဟိုတယ်ဆောက် လုပ်မည့်လုပ်ငန်းရှင် (၈) ဦးသာ ကျန်ရှိပြီး ၎င်းတို့မှာ ပလက်ဝမြို့နယ်တွင် တစ်ဦး၊ ဟားခါးမြို့တွင် သုံးဦး၊ ဖလမ်းမြို့တွင် နှစ်ဦး၊ တီးတိန်မြို့တွင် နှစ်ဦးဖြစ်သည်ဟုဆိုသည်။ [87] ဟိုတယ်တည်ဆောက်နိုင်ရန်အတွက် အချိန်ကြာမြင့်နေခြင်းနှင့်ပတ်သက်၍ မြေနေရာကို ချင်းပြည်နယ်အစိုးရမှ လျာထားပေးပြီးဖြစ်သော်လည်း ဂရမ်ရရှိရေးအတွက် သက်ဆိုင်ရာဌာန ရုံးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာတွင် အချိန်များစွာ ပေးနေရသည်ဟုဆိုသည်။ [88] ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှု ဦးစီးဌာန၏ ညွှန်ကြားချက်အရ ဟိုတယ်

[85] စီမံကိန်းနေရာလေးခုမှာ တနင်းသာရီတိုင်းဒေသကြီးတွင် ကန်ဘောက်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အလုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် မီးလောင်ချိုင်နှင့် ရခိုင်ပြည်နယ်တွင် ကျောက်ဖြူတို့တွင်ဖြစ်သည်။ (ကိုးကား - https://frontiermyanmar.net/en/does-myanmars-lng-power-plan-stack-up )

[86] ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်မှူး၊ ဦးအောင်ဖြိုးနှင့် တွေ့ဆုံမေးမြန်း ခြင်း။ ၁၊ ၃၊ ၁၈၊ ဟားခါးမြို့။

[87] အထက်ပါအတိုင်း။

[88] ဟိုတယ်တည်ဆောက်မည့်လုပ်ငန်းရှင်တစ်ဦးနှင့် အင်တာဗျူး။ ၁၉၊ ၂၊ ၁၈၊ ရန်ကုန်မြို့။

ဆောက်လုပ်လိုသူများအနေဖြင့် မိမိတို့အပိုင် မြေဂရမ် မရရှိဘဲ ဟိုတယ်နှင့် ခရီးသွားလာရေးဂန်ကြီးဌာန၏ ဟိုတယ်တည်ဆောက်ခွင့် ကြိုတင်ခွင့်ပြုချက်ရရှိရန် မဖြစ်နိုင်ပါ။[89]

လက်ရှိအစိုးရသစ်လက်ထက်တွင် ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်နိုင်ရန် နည်းလမ်းရှာဖွေခြင်းအဖြစ် ၂၀၁၆ခုနှစ် ဖွန်လ၌ ကန်ပက်လက်မြို့တွင် ချင်းပြည်နယ် ခရီးသွားလာရေး ဖွံ့ဖြိုးမှုဖိုရမ်ကို ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီး၊ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ထို့နောက် ၂၀၁၇ ခုနှစ် ဇန်နဂါရီလတွင် ကန်ပက်လက်မြို့နယ် ဆော်လောင်းကျေးရွာ၌ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး၊ ဒုတိယအဖြစ် ၂၀၁၈ ခုနှစ် မတ်လတွင် ဖလမ်းမြို့နယ်၊ တာရွှန်းကျေးရွာ၌ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဖွင့်လှစ်ခဲ့သည်။[90] ထိုသို့ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖြင့် ရပ်ရွာအဆင့်တွင် ဒေသခံပြည်သူများ ဂင်ငွေရရှိစေနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အစိုးရသစ်လက်ထက် (၂) နှစ်တာကာလ အတွင်း ချင်းပြည်နယ်သို့ ပြည်တွင်း/ပြည်ပဧည့်သည်ဂင်ရောက်မှု နှစ်ဆတိုးတက်လာခဲ့သည်ဟုဆိုသည်။[91]

ပလက်ဂမြို့နယ်အတွင်း အိန္ဒိယနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နေသော ကုလားတန်မြစ်ကြောင်း ဘက်စုံပို့ဆောင်ရေးစီမံကိန်း (Kaladan Multi-Modal Transit Transport Project)သည် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံကြား သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့မှုမှတစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်ရေးမြှင့်တင်နိုင်မည်ဟု မျှော်လင့်ထားသည်။[92] ယင်းစီမံကိန်း၏ ချင်းပြည်နယ်အတွင်းအစိတ်အပိုင်း ဖြစ်သော ပလက်ဂမြို့နှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်မှ ဇိုရမ်ပွိုမြို့ကြား ဆက်သွယ်မည့်ကားလမ်းကို စတင်ဖောက်လုပ်လျှက်ရှိရာ ယခုအခါ ပလက်ဂမြို့မှ ကက္ကူးဂကျေးရွာအထိ လမ်းအူကြောင်း ရှာဖွေတိုင်းတာခြင်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။[93] ယင်းစီမံကိန်းပြီးစီးပါက ချင်းပြည်နယ်

---

[89] ဦးအောင်ဖြိုးနှင့် အင်တာဗျူး။

[90] အထက်ပါအတိုင်း။

[91] ဦးအောင်ဖြိုးနှင့် တွေ့ဆုံမေးမြန်းခြင်း။

[92] ထွက်းအွယ်၊ ချင်းပြည်နယ်ဂန်ကြီးချုပ်ဆလိုင်းလျန်လွယ်နှင့် တွေ့ဆုံမေးမြန်းခြင်း။ တောင်ဇလပ်တိုင်းမ်၊ အတွဲ (၁)၊ အမှတ် (၂)၊ စာ - ၇။

[93] လမ်းတည်ဆောက်ရေးအတွက် ၂၀၁၆ ခုနှစ် ဖွန်လတွင် တင်ဒါခေါ်ယူခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ဖွန်လတွင် အိန္ဒိယနိုင်ငံအခြေစိုက် Ircon Infra ကုမ္ပဏီအား ၃၆ လအတွင်းအပြီးအစီးဆောင်ရွက်ရန် ကန်ထရိုက်

တောင်ပိုင်းဒေသရှိ ပလက်ဂမြို့နယ်သည် နယ်စပ်ကုန်သွယ်ရေးအတွက် အလားအလာ ရှိသော ဒေသတစ်ခုအဖြစ်သို့ ရောက်ရှိမည်ဖြစ်သည်။ သို့သော် ဒေသခံပြည်သူများ အနေဖြင့် ယင်းစီမံကိန်းကို အသုံးပြု၍ ၎င်းတို့၏ဒေသတွင်း စီးပွားရေးလုပ်ငန်းများဖြင့် ပါဂင်ယှဉ်ပြိုင်နိုင်ရန် လိုအပ်ပါမည်။

အထက်ဖော်ပြပါ ကုလားတန်စီမံကိန်းကြောင့် ပလက်ဂမြို့နယ်အပါအဂင် ချင်းပြည်နယ် တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်အထက်ပိုင်းဒေသများအတွက် ဒေသစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးမှုအလားအလာများကို မြင်တွေ့ရသော်လည်း ပလက်ဂမြို့နယ်အတွင်း ရခိုင်တပ်မတော် ဂင်ရောက်အခြေချလာမှုကြောင့် နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရသည့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များနှင့် ထိတွေ့မှုဖြစ်လာရခြင်းက ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အနှောင့်အယှက်ဖြစ်စေသည်ဟု ဒေသခံများက ဖြေဆိုကြသည်။[94] ဥပမာအားဖြင့် ပလက်ဝမြို့နယ်အထက်ပိုင်းရှိ တိုက်ပွဲဖြစ်ပွားရာကျေးရွာအချို့တွင် အစိုးရ၏တည် ဆောက်ရေးလုပ်ငန်းအချို့ကို ကျေးရွာပြောင်းလဲဆောင်ရွက်ရန် စီစဉ်ခဲ့ရခြင်းမျိုးရှိ ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ရှင်းပြခဲ့သည်။ [95] ဒေသခံပြည်သူများအနေဖြင့် နဂိုကတည်းက ဆင်းရဲနွမ်းပါးသူများဖြစ်ပြီး ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးကာ လုပ်ကိုင်စားသောက်နေသူများဖြစ်သဖြင့် မိမိတို့မြို့နယ်အတွင်း လွတ်လပ်စွာသွားလာ လုပ်ကိုင်ရှာဖွေရန် မလုံခြုံလာတော့ခြင်းက ဗူးလေးရာ ဖရုံဆင့် သကဲ့သို့ဖြစ်ရကြောင်း ဒေသခံပြည်သူများကဆိုကြ သည်။ [96] ထို့ပြင် မြို့နယ်တွင်း ကုန်စည်သယ်ဆောင်မှု ကန့်သတ်ချက်ကြောင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ကုန်ဈေးနှုန်းမြင့်မားလာမှုသို့ ဦးတည်သွားစေသည်ဟုဆိုသည်။[97]

ပေးအပ်ခဲ့သည်။ Ref:https://www.thehindubusinessline.com/news/india-starts-construction-of-1600-cr-mizoram-myanmar-kaladan-road/article23577107.ece.

[94] ပလက်ဂမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်း။

[95] ဦးပြေမင်း (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်) နှင့် တွေ့ဆုံမေးမြန်းခြင်း။

[96] ပလက်ဂမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်း။

[97] အထက်ပါအတိုင်း။



ချင်းပြည်နယ်ထွက်ထောပတ်သီး (GDI)

**“အခုဖြစ်နေတဲ့ တိုက်ပွဲအခြေအနေတွေကြောင့် သွားလာရေးခက်ခဲလာတယ်။ တိုက်ပွဲရှောင်လည်း ရှိလာတယ်။ တောင်ယာလည်းမလုပ်နိုင်ဘူး၊ ကြောက်စိတ်တွေဖြစ်လာတယ်၊ ကလေးတွေရဲ့ ပညာရေးမှာလည်း နှောင့်နှေးမှုတွေ ဖြစ်လာတယ်။ စားဝတ်နေရေးလည်း ပိုခက်လာတယ်။” (Interview # 5)**

ဒေသခံပြည်သူများအဖို့ အစိုးရမှလုပ်ဆောင်နေသော ဒေသစီးပွားရေးစီမံကိန်း၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို သတင်းအချက်အလက် လက်လှမ်းမီနိုင်မှုနှင့် လိုအပ်လျှင် လွယ်ကူမြန်ဆန်စွာ ရယူနိုင်ခြင်းများမရှိသည့် အခက်အခဲများတွေ့ရသည်ဟု မကြာခဏ ဖြေဆိုကြသည်။ အစိုးရနှင့် ဒေသခံပြည်သူကြားသာမက ဒေသတွင်းနှင့် ချင်းပြည်နယ် ပြင်ပမှ စီးပွားရေးရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံပြည်သူများကြားတွင်လည်း သက်ဆိုင်ရာ သတင်းအချက်အလက်များ စီးဆင်းရယူမှုသည် အားနည်းနေသေးသည်။ ဒေသခံများနှင့် ရင်းနှီးမြှုပ်နှံလိုသူများကြား လုပ်ငန်းဆိုင်ရာအသိပေးခြင်း၊ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်ခြင်း များ အားနည်းနေသေးသည်ဟု ဖြေဆိုသူအများစုက ထောက်ပြကြသည်။ ဥပမာအားဖြင့် ကန်ပက်လက်မြို့နယ်အတွင်း ခရီးသွားလာလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ရန်ကုန်မြို့ အခြေစိုက်လုပ်ငန်းရှင်တစ်ဦးက ကြိုးစားခဲ့သော်လည်း ၎င်း၏အစီအစဉ်များကို ဒေသခံပြည်သူများအား ရှင်းလင်းတင်ပြရာတွင် ဒေသခံပြည်သူများက လက်ခံနိုင်ခြင်း မရှိသည့်အတွက် ယင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ် ရပ်ဆိုင်းခဲ့ရဖူးကြောင်း သိရသည်။[98]

ဒေသဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အဦးများဖြစ်သော လမ်း၊ တံတား၊ ရေ၊ မီး၊ ဆက်သွယ်ပြန်ကြားရေးနှင့် ဌာနဆိုင်ရာရုံးအဆောက်အဦးများ တိုးချဲ့တည်ဆောက်ခြင်း သည် ဆက်လက်ဖွံ့ဖြိုးလာအောင် လုပ်ဆောင်နေရဆဲ အနေအထားဖြစ်နေသေးသဖြင့် အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် လိုအပ်ကွာဟချက်များစွာ ရှိနေသေးသည်ကို သတိပြုမိသည်။ ဒေသတွင်းစီးပွားရေးဈေးကွက် ဖန်တီးထားခြင်း အားနည်းသောကြောင့် လုပ်ငန်းရှင်များအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ဒေသထုတ်ကုန်၊ ကုန်ပစ္စည်းရောင်းချဖြန့်ဖြူးရေးအပိုင်းတွင် အခက်အခဲတစ်ရပ် ဖြစ်စေ

---

[98] ကန်ပက်လက်မြို့မှ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းခြင်း။

သည်။ အမျိုးသမီးများအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်လာနိုင်ရန် မြေပိုင်ဆိုင်ခွင့်မရှိခြင်း၊ လုံလောက်သော ရင်းနှီးမတည်ငွေမရှိခြင်း၊ အသိပညာများ (အထူးသဖြင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ဈေးကွက်ဆိုင်ရာအသိပညာများ) ဖြည့်ဆည်းပေးရန် လိုအပ် လျှက် ရှိနေသေးသည်ဟုဆိုသည်။

**"ဒေသထွက်ကုန်တွေက ဈေးကွက်မရှိဘူး။ ဒေသခံတွေလည်း ရောင်းချဖို့ ဈေးမရှိဘူး၊ ဈေးကွက် မရှိတော့ တစ်နိုင်တစ်ပိုင်ပဲ စိုက်ပျိုးကြတယ်။ အိမ်ရှေ့မှာ ထိုင်ရောင်းတဲ့လူတွေက ဆောဘက်က များတယ်။ အိမ်ငှားပြီး လာရောင်းကြတယ်၊ တချို့က ဆောကနေဆိုင်ကယ်နဲ့ ရွာဘက်က Organic ထွက်ကုန် ကမွလာ၊ လိမ္မော်တွေကို ဆိုင်ကယ်နဲ့သယ်လာကြတယ်။ ဈေးတန်းမရှိတော့ အကုန် ပုပ်ကုန်တယ်။ အိမ်တွေမှာဘဲ လိုက်ရောင်းရတယ်။"**
**(interview # 40)**

ဒေသစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် မြေပိုင်ဆိုင်မှုနှင့် မြေအသုံးပြုမှုသည်လည်း ဒေသခံများအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ချင်းပြည်နယ်သည် ဒေသထုံးတမ်းဓလေ့ကို အခြေခံ၍ မြေအသုံးချမှု ပြုလုပ်ခြင်းကြောင့် အစိုးရဌာနဆိုင်ရာများတွင် သတ်မှတ်ထားသည့်ပုံစံများဖြင့် မှတ်တမ်းပြုထားခြင်းမျိုး အလွန်နည်းပါးသည်။ အထူးသဖြင့် ဘိုးဘွားပိုင်မြေ ပိုင်ဆိုင်မှုအခွင့်အရေး၊ မြေယာအမှုအခင်းများကို ဒေသချင်းရိုးရာဓလေ့ထုံးတမ်းဖြင့် ဖြေရှင်းမှုများသည် ဒေသခံများအတွက် နားလည်မှုခက်ခဲစေသော အချက်တစ်ရပ်ဖြစ်နေသည်။ ထို့ပြင် အစိုးရရုံးများတွင် တရားဝင် မြေယာပိုင်ဆိုင်ခွင့်လျှောက်ထားရာတွင်လည်း ရုံးလုပ်ထုံးလုပ်နည်းများကို အလွယ်တကူ နားမလည်နိုင်ခြင်း၊ ဘာသာစကားအခက်အခဲရှိခြင်း၊ မြို့အထိလာပြီး ပြုလုပ်ရသဖြင့် သွားရေးလာရေးကြန့်ကြာခြင်း စသည်တို့ကြုံတွေ့ ရလေ့ရှိသည်။

"ဒေသခံတွေအနေနဲ့ မြေဂရမ်လျှောက်ရင် အရမ်းခက်တယ်။ ဘာဖြစ်လို့လည်းဆိုရင် အစိုးရရုံးမှာ က ဘာစာရွက်စာတမ်းပဲ လျှောက်လျှောက် စာတင်ရတယ်။ ဘာသာစကားမကျွမ်းကျင်တာနဲ့ ရုံးရဲ့ လမ်းညွှန်ချက်တွေကို နားမလည်တာက အဟန့်အတားတစ်ခုလိုဖြစ်နေတယ်။ တစ်ချို့ကတော့ ဘယ်နားမှာ ဘယ်လိုသွားလျှောက်ရမယ်မှန်းကို မသိကြတာ။" (Interview # 3)

## (၄-၅) အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများသည် ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးရေး အတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်အားဖြည့်ဆောင်ရွက်ပေးနေသော ငွေကြေးအကျိုး အမြတ်ရရှိရေး အရင်းမခံသည့် အဖွဲ့အစည်းများဖြစ်သည်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးအခြေခံ လိုအပ်ချက်များ ရရှိရေးအတွက် အိမ်ထောင်စု တစ်ခုချင်းကိုဦးတည်ကာ ကူညီဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည်။ Myanmar Information Management Unit (MIMU)၏ ဖော်ပြချက်အရ ၂၀၁၈ ခုနှစ် မတ်လ ကုန်တွင် ချင်းပြည်နယ်အတွင်း ကဏ္ဍမျိုးစုံ၌ ဆောင်ရွက်လျှက်ရှိသော ကုလသမဂ္ဂ အဖွဲ့အစည်းများ (UN Organizations)၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများ (National and International NGOs) စုစုပေါင်း ၂၀ နီးပါး ရှိသည်။[99] ယင်းအဖွဲ့များအနက် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆက်စပ်ပါဝင်ကူညီဆောင်ရွက်ပေးလျှက်ရှိသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

---

[99] အမှန်တွင် ယင်းအရေအတွက်ထက် အနည်းငယ်ပိုမိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့သောအဖွဲ့အစည်းများ မှာ MIMU တွင် စာရင်းပေးသွင်းခြင်း မပြုသောကြောင့်ဖြစ်ပါသည်။ Ref: <http://themimu.info/3w-maps-and-reports

| အဖွဲ့အစည်းအမည် | မြို့နယ် (များ) | စီမံကိန်းအမျိုးအစား |
|---|---|---|
| 1. ActionAid (INGO) | တွန်းဇန်၊ တီးတိန်၊ ဖလမ်း၊ ထန်တလန်၊ မတူပီ | သက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေတိုးလုပ်ငန်းများ |
| 2. ADRA (INGO) | တွန်းဇန်၊ တီးတိန်၊ ဟားခါး၊ မတူပီ | ရေရှည်တည်မြဲသော ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှု |
| 3. ArYoneOo (NNGO) | တွန်းဇန်၊ တီးတိန် | သဘာဝဘေးလွန်ကာလ စိုက်ပျိုးရေးကဏ္ဍပြန်လည်ထူထောင်ခြင်း |
| 4. CRS – Catholic Relief Services (INGO) | ဖလမ်း၊ ထန်တလန်၊ မတူပီ | စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ဖွံ့ဖြိုးရေး |
| 5. CORAD (NNGO) | တွန်းဇန်၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန် | စိုက်ပျိုးရေး |
| 6. GRET (INGO) | တွန်းဇန်၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ ပလက်ဝ | သက်မွေးဝမ်းကျောင်း တိုးတက်လာရေး၊ ဝင်ငွေတိုးရေးနှင့် အသေးစားငွေချေးလုပ်ငန်း |
| 7. IOM (UN) | တွန်းဇန်၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန် | ရွှေ့ပြောင်းသွားလာသူများနှင့် သက်ဆိုင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း |
| 8. KMSS (NNGO) | တွန်းဇန်၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ | စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ဖွံ့ဖြိုးရေးနှင့် ငွေကြေးထောက်ပံ့မှုများ |

| | | |
|---|---|---|
| 9. LWF – Lutheran World Federation (INGO) | မတူပီ၊ မင်းတပ် | စိုက်ပျိုးရေး |
| 10. MIID – Myanmar Institute of Integrated Development (NNGO) | ဟားခါး | စိုက်ပျိုးရေး |
| 11. TGH (INGO) | မတူပီ | စိုက်ပျိုးရေး |
| 12. WFP – World Food Program (UN) | ၉ မြို့နယ်စလုံး | စားနပ်ရိက္ခာထောက်ပံ့ခြင်း |

အထက်ပါ ဇယားကိုကြည့်လျှင် ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျှက်ရှိသည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများအနေဖြင့် ချင်းပြည်နယ် မြောက်ပိုင်းရှိမြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်မှု များပြားကြောင်းတွေ့ရသည်။ အများဆုံးကူညီ ဆောင်ရွက်သည့်ကဏ္ဍမှာ စိုက်ပျိုးရေးကဏ္ဍတွင်ဖြစ်ကြောင်းတွေ့ရသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး အပါအဝင် အမျိုးသမီးများ၏ စီးပွားရေးအခွင့်အလမ်း ဖြစ်ထွန်းရရှိရေးအတွက် ၎င်းတို့၏ စီမံကိန်းရည်ရွယ်ချက်များတွင် ထည့်သွင်းလုပ်ဆောင်ကြောင်း သိရသည်။

အမှန်တွင် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအနေဖြင့် အိမ်ထောင်စုတစ်ခုချင်းစီ၏ ဝင်ငွေတိုးတက်ရေး၊ ငွေစုငွေချေးနိုင်သည့်အခွင့်အလမ်း ဖန်တီးပေးခြင်း တို့အပြင် ယင်းအိမ်ထောင်စုများ ဆောင်ရွက်လျှက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအ တွက် အသေးစားအရင်းအနှီးများ၊ လိုအပ်သည့် နည်းပညာများနှင့် ဈေးကွက်ဆိုင်ရာအချက်အလက်များစသည်တို့ကို ဖြည့်ဆည်းပံ့ပိုးပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် အထက်ဖော်ပြပါ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ချင်းပြည်နယ်အတွင်း အစိုးရလက်လှမ်းမမီသော ကျေးရွာများနှင့် အိမ်ထောင်စုများအတွက် လက်တွေ့ကျသည့် အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ပံ့ပိုးကူညီနေခြင်းဖြစ်သည်။ တစ်ချိန်

တည်းမှာပင် ပိုမိုကျယ်ပြန့်၍ အရင်းအနှီးများပြားသော ဒေသစီးပွားရေးလုပ်ငန်းများ အဆင့်သို့ရောက်ရှိလာပါက ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် မလွဲမသွေလိုအပ်မည်ဖြစ်သည်။

ထို့ပြင် ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းအရ သက်ဆိုင်ရာ မြို့နယ် အသီးသီးတွင် တရားဝင်မှတ်ပုံတင်ထားပြီး မိမိတို့ကိုယ်ပိုင် ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရ မဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း လူမှုအကျိုးပြု လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ် အခြေစိုက်အစိုးရ မဟုတ်သည့် အရပ်ဘက် လူမှုအဖွဲ့အစည်း အရေအတွက်မှာ (၄၉)ခုရှိသည်။ [100] သို့သော်လည်း ယင်းအဖွဲ့အစည်း အများစုသည် ဒေသစီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှု နည်းပါးပြီး အခြားကဏ္ဍများဖြစ်သော လူမှုရေးလုပ်ငန်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် လူငယ်နှင့် အမျိုးသမီးရပိုင်ခွင့်များ အပါအဝင် လူ့အခွင့်အရေး ဆိုင်ရာများနှင့် ပတ်သက်သော ပညာပေးအစီအစဉ်များ၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း တွေ့ရသည်။

[100] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စာရင်းအရဖြစ်သည်။ အမှန်တွင် မှတ်ပုံတင်ထားခြင်း မရှိသည့် လူမှုရေးအဖွဲ့အစည်းများ ထိုထက်များပြားနိုင်ပါသည်။ ခန့်မှန်းခြေအားဖြင့် မှတ်ပုံတင်ထားသည့်အဖွဲ့အစည်းနှင့် မှတ်ပုံမတင်ထားသည့်အဖွဲ့အစည်းများ စုစုပေါင်း အရေအတွက် ၂၀၀ ကျော်နိုင်သည်ဟုဆိုသည်။



ပလက်ဂမြို့ ဆိပ်ကမ်း (GDI)

# ၅။ အကြံပြုချက်များ

လေ့လာတွေ့ရှိချက်များကိုအခြေခံ၍ အောက်ဖော်ပြပါအချက်များကိုဆောင်ရွက်နိုင်လျှင် ယခုထက် ပိုမိုကောင်းမွန်သော ဒေသတွင်း စီးပွားရေးစီမံခန့်ခွဲမှု စနစ်တစ်ရပ် ထူထောင်နိုင်မည်ဖြစ်ပြီး ချင်းပြည်နယ်အတွက် ပိုမိုကောင်းမွန်သော ရလာဒ်များ ရရှိလာနိုင်မည် ဖြစ်သည်။ ယင်းအတွက် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်အပါအဝင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ လက်တွဲပူးပေါင်း၍ ပိုင်းဂန်းအကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

## ၅-၁။ ဒေသန္တရစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ

၁။ ပြည်နယ်အစိုးရမှ နှစ်စဉ်ဒေသန္တရစီမံကိန်းများ ရေးဆွဲရာတွင် ယခုထက် ပိုမိုပွင့်လင်း မြင်သာမှုရှိပြီး ဒေသခံပြည်သူများ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများအပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းထည့်ဝင်နိုင်ခွင့်ကို မြှင့်တင်စီစဉ်ဆောင်ရွက်ပေးခြင်း။

၂။ ဒေသန္တရစီမံကိန်းများအပါအဝင် နိုင်ငံတော်မှ ငွေလုံးငွေရင်းရင်းနှီးမြုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသနှင့် မြို့နယ်အသီးသီးမှ ဒေသခံပြည်သူများအား အခါအားလျော်စွာ အသိပေးခြင်း၊ ရှင်းလင်းတင်ပြခြင်းနှင့် စိတ်ပါဝင်စားသော ဒေသခံပြည်သူများ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများအား လုပ်ငန်းခွင်များတွင် လေ့လာနိုင်ခွင့် စီမံဆောင်ရွက်ပေးခြင်း။

၃။ ပြည်နယ်အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များတွင် ဖော်ပြပါရှိသည့်လုပ်ငန်းစဉ်များအတိုင်း လက်ရှိအစိုးရ၏ ကျန်ရှိသက်တမ်းအတွင်း စနစ်တကျ အကောင်အထည်ဖေါ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် ပြည်နယ်အစိုးရ၏ ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းလျာထား

ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်းစဉ်များအတွက် ငွေလုံးငွေရင်းများ ထည့်သွင်းလျာထား ဆောင်ရွက်ခြင်း။

## ၅-၂။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အလုပ်လက်မဲ့ပြဿနာ

၄။ ချင်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ယခုထက်ပိုမို ပေါ်ထွက်လာစေရန်အတွက် ပြည်တွင်း/ ပြည်ပ စီးပွားရေးပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မကြာခဏတွေ့ဆုံညှိနှိုင်း ဖေါ်ထုတ်ဆွေးနွေးခြင်း။

၅။ သက်ဆိုင်ရာဒေသနှင့် ဒေသခံပြည်သူတို့၏ အခြေအနေနှင့် ကိုက်ညီသည့် သက်မွေးဝမ်းကြောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန်နှင့် အဆင့်မြင့်ကျွမ်းကျင်ဂန်ထမ်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ခြင်း။

၆။ ပြည်နယ်အစိုးရအနေဖြင့် အစိုးရမှ ချင်းပြည်နယ်အတွင်း ဖွင့်လှစ်သင်ကြားလျှက်ရှိသော သက်မွေးဂမ်းကျောင်း သင်တန်းများတွင် မြို့နယ်အသီးသီးရှိ စိတ်ပါဂင်စား၍ သတ်မှတ်အရည်အချင်းကိုက်ညီသူများ တက်ရောက်နိုင်ခွင့် စီစဉ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ယူသူနည်းပါးသေးသည့် မြို့နယ်များမှ အမျိုးသမီး၊ အမျိုးသားများအား ဦးစားပေးသင်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း။

## ၅-၃။ ပုဂ္ဂလိကကဏ္ဍ

၇။ ချင်းပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် ယခုထက်ပိုမို ထိရောက်သော လုပ်ငန်းစဉ်များကို ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စီးပွားရေး ပညာရှင်များ၏ အကူအညီရယူကာ အဆောတလျင် ရေးဆွဲအကောင် အထည်ဖော်ခြင်း။

၈။ ချင်းပြည်နယ် အခြေစိုက်ဒေသခံ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုကောင်းမွန်ရေးမှအစ လုပ်ငန်းဆိုင်ရာ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အရည်အသွေးမြှင့်တင်ရေး သင်တန်းများဖွင့်လှစ်သင်ကြား ပေးခြင်း။

၉။ ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်သည့်အခါ ဒေသခံကုမ္ပဏီများနှင့် ပူပေါင်း ဆောင်ရွက်နိုင်ရန်စီစဉ်ပေးခြင်းနှင့် ဒေသခံလုပ်ငန်းရှင်များအား နည်း ပညာများ လွှဲ ပြောင်းပေးနိုင်ရန် စီမံပေးခြင်း။

၁၀။ ဒေသခံကုမ္ပဏီများ၏ အခွင့်အရေး ထိန်းသိမ်းကာကွယ်နိုင်ရေးနှင့် ကုမ္ပဏီအချင်းချင်း အပြန်အလှန် ထိန်းကျောင်းပေးနိုင်ရေးအတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများ ဖော်ထုတ်ဆောင် ရွက်ခြင်း။

၁၁။ နိုင်ငံတော်အစိုးရ၏ ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တင်ဒါ အောင်မြင်၍ လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိကြသည့်ကုမ္ပဏီများ အနေဖြင့် မိမိတို့၏ အမြတ်အစွန်း ရရှိမှုအချိုးအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး အ တွက် အထောက်အပံ့ဖြစ်မည့် လူမှုရေးလုပ်ငန်း (Cooperate Social Responsibility) အစီအမံများကို ရေးဆွဲဆောင်ရွက်စေခြင်း၊ ဒေသခံ ပြည်သူများ သိရှိနားလည်အောင် အသိပေးထုတ်ပြန်စေခြင်းနှင့် အခါအား လျော်စွာ စိတ်ပါဝင်စားသည့် ဒေသခံပြည်သူနှင့် အရပ်ဘက်အဖွဲ့အစည်း များ လေ့လာနိုင်အောင်စီမံထားရှိခြင်း။

## ၅-၄။ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းဆိုင်ရာအလားအလာ

၁၂။ ချင်းပြည်နယ်အတွင်း ပြည်နယ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဦးစားပေး နယ်ပယ်များအလိုက် ပြည်တွင်း/ပြည်ပမှ အကြီးစားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရေး ဆက်လက်အာရုံစိုက်ဖိတ်ခေါ် ဆောင်ရွက်ပေးခြင်း။ ထိုသို့ ဆောင်ရွက်ရာတွင် ပြင်ဆင်ပြောင်းလဲ/ ဖြေလျှော့မှု ပြုလုပ်သင့်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ မူဝါဒနှင့် စည်းကမ်းချက်များကို ပြင်ဆင်ပြောင်းလဲ/ဖြေလျှော့ ညှိနှိုင်းပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တင်ပြဆောင်ရွက်ခြင်း။

၁၃။ ပြည်တွင်း/ပြည်ပ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်များ၊ အစိုးရ၏မူဝါဒ၊ သက်ဆိုင်ရာဥပဒေနှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ အသိပေး ဖြန့်ဝေပေးနိုင်ရေးနှင့် ပြည်သူများ သတင်းအချက်အလက်များကို လွယ်လင့်တကူရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း။

၁၄။ မြို့နယ်အသီးသီးတွင် စီးပွားရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ခြင်း၊ အမြင်ဖလှယ်ခြင်း၊ အကြောင်းကြီးငယ်ပေါ်ပေါက်ပါကလည်း ညှိနှိုင်းဖြန်ဖြေခြင်းများ ဆောင်ရွက်နိုင်ရန် အစိုးရဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖနှင့် ဒေသခံအရပ်ဘက် အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် တွေ့ဆုံဆွေးနွေးနိုင်သော စကားဝိုင်းနေရာများ (public consultation spaces) ဖန်တီးပေးခြင်း။

၁၅။ ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများပူးပေါင်းကာ ပြည်နယ်တွင်းရှိ ထုတ်ကုန်များနှင့် ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေခြင်း၊ ချိတ်ဆက်ပေးခြင်းနှင့် ယင်းဈေးကွက်များအရောက် တင်ပို့ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း

၁၆။ ဒေသတွင်းလူငယ်နှင့် အမျိုးသမီးစွန့်ဦးထီထွင် လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်အတွက် အားပေးခြင်းနှင့် လိုအပ်သည့် အရင်းအနှီးချေးငွေများ ရရှိနိုင်အောင် နည်းလမ်းရှာဖွေဖန်တီးခြင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စွန့်ဦးထီထွင်လုပ်ငန်းရှင်များနှင့် ကွန်ယက်ချိတ်ဆက်ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်း။

၁၇။ ပြည်နယ်အစိုးရအနေဖြင့် ဒေသတွင်းမြေယာအသုံးချမှုနှင့် ပတ်သက်၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအား တတ်နိုင်သမျှ ကြိုတင်အသိပေး ထုတ်ဖော်ခြင်း၊ အသုံးပြုမည့် မြေချိန်ပမာဏ၊ တည်နေရာနှင့် အမျိုးအစားတို့ကို အကြောင်းပြု၍ လိုအပ်ပါက သက်ဆိုင်ရာ မြို့ပြ/ကျေးလက်ဒေသရှိ ရပ်မိရပ်ဖများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ သဘောထားများကို ရယူခြင်းများ ဆောင်ရွက်ပေးခြင်း။

## ၅-၅။ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

၁၈။ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ချင်းပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာစေရေးအတွက် ချင်းပြည်နယ်၏ ရေရှည်ခိုင်မြဲသော ဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေစနစ်တစ်ခုထူထောင်ကာ လုပ်ကိုင်ဆောင်ရွက်ခြင်း။

၁၉။ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ချင်းပြည်နယ်အတွင်း စိုက်ပျိုးရေးနည်းပညာများ အပါအဝင် စိုက်ပျိုးမွေးမြူရေးနည်းပညာများ ပံ့ပိုးဆောင်ရွက်ရာ၌ ကျား၊ မတန်းတူညီမျှရေး လုပ်ငန်းစဉ်များ ထည့်သွင်းပြီး အမျိုးသမီးများအားလုပ်နိုင်ခွင့် ပိုမိုရရှိစေမည့် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်ပေးခြင်း။



ကန်ပက်လက်မြို့ မှ ဂဥ အခြောက်လှမ်းစက်ရုံ (GDI)

## နောက်ဆက်တွဲ (က)

### နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်၊

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြား ရေးဆွဲ ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျော ညီထွေဖြစ်စေမည့် မြို့ပြများတည်ဆောက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့် မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန် နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အား ထုတ်ကြိုးပမ်း ဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ ဖြစ်စေသောနည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေ များကိုဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

# နောက်ဆက်တွဲ (ခ)

## ချင်းပြည်နယ်၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်ဦးတည်မျှော်မှန်းချက် မူဝါဒများနှင့် ရည်မှန်းချက်များ

### (က) ဦးတည်မျှော်မှန်းချက်

အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာလျော့ချနိုင်ရေး။

### (ခ) မူဝါဒများ

(၁) ဒေသနှင့် ကိုက်ညီသော စိုက်ပျိုး / မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊
(၂) အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊
(၃) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၄) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊
(၅) သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

### (ဂ) ရည်မှန်းချက်များ

(၁) ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂင်းနစ်စိုက်ပျိုးရေး အပါအဝင် ဝင်ငွေရသီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန်။
(၂) ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်။
(၃) ပြည်နယ်အတွင်း၊ ပြည်နယ်အတွင်းနှင့်အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေး ဆောင်ရွက်ရန်။
(၄) အိမ်တွင်းတစ်နိုင်တစ်ပိုင်နှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ဆောင်ရွက်ရန်။
(၅) လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး ဆောင်ရွက်ရန်၊

(၆) သဘာဝအခြေခံ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရန်၊

(၇) မြို့ပြ ဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၈) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင် ဆောင်ရွက်ရန်၊

(၉) ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) ပြည်သူများ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှု လျော့ကျလာစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးရန်၊

(၁၁) ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့များ တိုးတက်ရရှိရေး ဆောင်ရွက်ရန်၊

(၁၂) နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန်၊

(၁၃) ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေး မြှင့်တင် ဆောင်ရွက်ရန်။

## နောက်ဆက်တွဲ (ဂ)

### ချင်းပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ (၂၀၁၆- ၂၀၂၁)

ချင်းပြည်နယ် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး မဟာဗျူဟာလုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လုံလောက်သော ဘဏ်ချေးငွေ ရရှိနိုင်ရေးအပါအဝင် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်နိုင်စေရေးအတွက် လိုအပ်သည့်ဖြေလျှော့မှုများ ဆောင်ရွက်ရန်၊

(၂) အမျိုးသမီးဦးဆောင်သော တစ်ပိုင်တနိုင်နှင့် အသေးစား (micro and small) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန်၊

(၃) အော်ဂင်းနစ် စိုက်ပျိုးရေးအပါအဝင် ဝင်ငွေရသီးနှံများ (စပျစ်၊ လိမ္မော်၊ ပန်းသီး၊ ဂဥ၊ ထောပတ်သီး စသည်ဖြင့်) တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကူညီပံ့ပိုးရန်၊

(၄) ကုန်စည်ဒိုင်ဖွင့်လှစ်ခြင်းအပါအဝင်သိမ်းဆည်း/ ထုပ်ပိုးစနစ်မြှင့်တင်ရေး၊ ထုတ်ကုန်များအား တန်ဖိုးမြှင့်နိုင်ရေး ဆောင်ရွက်ရန်၊ ဈေးကွက်ရှာဖွေခြင်းနှင့် ချိတ်ဆက်ခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် ဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ရေး ကူညီပံ့ပိုးရန်၊

(၅) ရိုးရာဂျပ်ခုတ်လုပ်ငန်းအပါအဝင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အားပေး မြှင့်တင်ရန်၊

(၆) ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် သဘာဝနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်း (Eco and Community-based Tourism) ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရန်၊

(၇) ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေးဆောင်ရွက်ရန် (ရိခေါဒါရ်၊ စာစီချောက်၊ မြိတ်ဝတို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ရန်)၊

(၈) မဟာဓါတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစား လျှပ်စစ်ဓါတ်အားများ တိုးမြှင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရန်၊

(၉) ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်အတွက် ပြည်နယ်အတွင်း၊ ပြည်နယ်တွင်းနှင့် အပြင်လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၀) ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအထောက်အပံ့များ (Investments and Development Assistance)၊ နိုင်ငံတကာရှိ ချင်းအသိုင်းအဝိုင်းများ၏ အကူအညီများ တိုးတက်ရရှိရေးနှင့် ယင်းတို့အား (၉) မြို့နယ်စလုံးမှ အချိုးမျှတစွာ ရရှိနိုင်ရေး ဆောင်ရွက်ရန်၊

(၁၁) တာဝန်သိသော စီးပွားရေးကျင့်ဝတ်နှင့် လူမှုတာဝန်ခံ/တာဝန်ယူမှု (Social Accountability) အလေ့အကျင့်များကို အားပေးမြှင့်တင်ရန်၊

(၁၂) ချင်းပြည်နယ် ဖွံ့ဖြိုးရေးသုတေသနဌာန (Chin State Development Research Centre - CSDRC) တည်ထောင်ဖွင့်လှစ်ရန်၊

(၁၃) နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများအပါအဝင် စွမ်းဆောင်ရည် မြှင့်တင်ရေးဆောင်ရွက်မည့် ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း (Chin State Business Institute - CSBI) တည်ထောင်ဖွင့်လှစ်ရန်၊

## နောက်ဆက်တွဲ (ဃ) ကိုးကားစာအုပ် စာတမ်းများစာရင်း


"About the Myanmar Center for Responsible Business," accessed May 6, 2018. http://www.myanmar-responsiblebusiness.org/about.html .

"Chin State to focus on trade SMES and tourism," The Myanmar Times, accessed May 6, 2018.

https://www.mmtimes.com/business/22136-chin-state-to-focus-on-trade-smes-and-tourism.html

"Economic zone to be Constructed in Chin State's Paletwa," Burma News International (BNI), February 28, 2018, accessed May 2, 2018. <https://www.bnionline.net/en/news/economic-zone-be-constructed-chin-states-paletwa> .

Bissinger, Jared, "Local Economic Governance in Myanmar," The Asia Foundation, Febuary, 2016, accessed April 30, 2018. https://asiafoundation.org/publication/local-economic-governance-in-myanmar/

Gender and Development Institute-Myanmar; "Gender Situational Analysis of Chin state", an unpublished report, 2017.

Htwe, Chan Mya, "Chin State invites hydropower investment," The Myanmar Times, August 26, 2016, accessed May 6, 2018. https://www.mmtimes.com/business/22177-chin-state-invites-hydropower-investment.html

Lall, Viren. "Why CRS matters in new Myanmar," The Myanmar Times, October 22, 2012, accessed May 6, 2018. https://www.mmtimes.com/opinion/2607-why-csr-matters-in-new-myanmar.html

Myanmar Information Management Unit (MIMU), "Aid Policy and Coordination", State/Region page - Chin, accessed May 2, 2018. https://themimu.info/states_regions/chin

Toole, Bill O'. "*Chin rights group issues damning report*", The Myanmar Times, January 24, 2014, accessed May 5, 2018. https://www.mmtimes.com/national-news/9347-chin-rights-group-issues-damning-report.html .

Win, Su Phyo, "Dirt-poor Chin State hidden gem for investors". Myanmar Times, November 20, 2017, accessed May 2, 2018. <https://www.mmtimes.com/news/dirt-poor-chin-state-hidden-gem-investors.html>.

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen's Budget)၊ ၂၀၁၇ ခုနှစ် မေလ (၃၁) ရက်

တောင်ဇလပ်တိုင်းမ်၊ အတွဲ ၁၊ အမှတ်စဉ် ၁။ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ

တောင်ဇလပ်တိုင်းမ်၊ အတွဲ ၁၊ အမှတ်စဉ် ၂။ ၂၀၁၈ခုနှစ် မတ်လ

အိုက်ဇက်ခင်၊ ဆလိုင်း။ ချင်းပြည်နယ် ဖွံ့ဖြိုးရေး အတွေးစာစုများ။ ကလေး၊ မိသားစု ပုံနှိပ်တိုက်၊ ၂၀၁၈။

လျှပ်စစ်ဥပဒေ (၂၀၁၄)

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်း၊ ချင်းပြည်နယ် အစီရင်ခံစာ အတွဲ (၃-ဃ)

Ninu (women in Action Group); အိမ်ရှင်ဖြစ်ခွင့်မရှိသည့် ဧည့်သည်များ (ချင်းဓလေ့ထုံးတမ်းများကို အမျိုးသမီးရှုထောင့်မှလေ့လာခြင်း) ၊ စက်တင်ဘာလ ၂၀၁၇။